# လယ်ယာ စီးပွား သတင်း

The Agri-Business News

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ (4-5-2016) အမှတ် (၆၇၇)

www.moai.gov.mm


## လယ်သမားဘဝ ဝင်ငွေနစ်ဆ တိုးစေဖို့ ဝိုင်းဝန်းကူညီ ရှိင်းပင်းစို့

**စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံသော့ချက်ကြီး (Key Factors) ၆ ချက်**

(၁) စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး၊ ခိုင်မာသောဈေးကွက် (Sustainable Market) ရရှိအောင် လက်တွေ့ဆောင်ရွက်ပေးကြရမည်။

(၂) ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့်ဒေသနှင့်ကိုက်ညီသော၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ် ကုမ္ပဏီများ (Seed Industries ) များ ပေါ်ထွန်းလာရေး အားပေးကူညီဆောင်ရွက်ရမည်။

(၃) သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(Good Agriculture Practice ) များကို လက်တွေ့အသုံးပြုရမည်။

(၄) သွင်းအားစု(သဘာဝမြေဆီ၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေ)တို့ကို အချိန်ကိုက်၊ အချိုးကျ အသုံးပြုနိုင်အောင် လက်တွေ့အားပေး ကူညီရမည်။

(၅) စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအဆင့်မှ၊ တန်ဖိုးမြင့်ကုန်ချော ထုတ်လုပ်နိုင်မည့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း (Agrobased Industry)များ ထိထိရောက်ရောက်ထူထောင်နိုင်ရေး အားပေးကူညီရမည်။

(၆) စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်လွန်၊ တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်ပြီး၊ ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့် (From Seeding to Market) အထိ လေလွင့်ဆုံးရှုံးမှုများ၊ ထုတ်လုပ်မှုနှင့် သယ်ယူရောင်းဝယ်လွှဲပြောင်းမှု ကုန်ကျစရိတ် (Production Cost နှင့် Transactional Cost )များကို လျှော့နည်းသက်သာအောင် လက်တွေ့အားပေးဆောင်ရွက်ကြရမည်။





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

## လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေ အကျိုးရှိစွာ အသုံးပြုရန် ဆွေးနွေးမှာကြား

**နေပြည်တော် မေ ၁၉**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၇ ရက် ညနေ ၃ နာရီက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ပခန်းကြီးဒေသ၊ ရွာသာရွာကျေးရွာရှိ ဂျပန်–မြန်မာချစ်ကြည်ရေးအစီအစဉ်အရ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော အိုဆာကာ–လယ်ယာ သစ်တောစိုက်ပျိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ဂျပန်ပညာရှင် သင်တန်းကျောင်းအုပ်ကြီး Mr.KITSUKI Fumio က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်း၏သမိုင်းကြောင်းနှင့် အနှစ် ၂၀ အတွင်း သင်တန်းသား၊ သင်တန်းသူ ၃၅၄ ဦးအား လေ့ကျင့်သင်ကြားပေးခဲ့မှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ (အပေါ်ပုံ) ပြည်ထောင်စုဝန်ကြီးက ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ၊ လူမှုနေထိုင်ရေး အဆင့်အတန်းတိုးတက်မြင့်မားရန် အဓိကကျသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။**

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် OISCA သင်တန်းကျောင်းအတွင်း ခင်းကျင်းပြသထားသော သင်တန်းကျောင်းမှ ထုတ်လုပ်ထားသည့် အိမ်တွင်းမှုလုပ်ငန်းပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် သင်တန်းကျောင်း၏ လယ်ယာထွက်ကုန် ကုန်ချောထုတ်လုပ်သည့် လယ်ယာထုတ်ကုန်အဆောက်အဦများအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် သူကောင်းတည်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ဧရာဝတီမြစ်ရေကို ရေတင်စက်ကြီးများဖြင့် အဆင့်ဆင့်တင်ယူပြီး စိုက်ပျိုးရေနှင့် ဒေသသောက်သုံးရေပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေးရာ (အောက်ပုံ) တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က လျှပ်စစ်ရရှိမှုအခြေအနေနှင့် ဓာတ်အားရရှိမှု အခြေအနေပေါ်မူတည်၍ ရေပေးဝေနေမှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ပေးဝေဖြန့်ဖြူးပေးနေသည့်ရေကို အကျိုးရှိရှိ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေအနည်းလိုသီးနှံပုံစံများ ချမှတ်စိုက်ပျိုးနိုင်ရေး ပညာပေး ဆွေးနွေးကြရန်နှင့် ရေတင်စီမံကိန်းမှ ပေးဝေရန် မူလလျာထားချက် ပြည့်မီသည်အထိ ကြိုးစားဆောင်ရွက်ကြရမည့် အစီအမံများကို ဆွေးနွေးမှာကြားသည်။ MOALI ပြန်ကြားရေး







ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ
မကွေးတိုင်းဒေသကြီးနှင့်
မန္တလေးတိုင်းဒေသကြီးများအတွင်း
လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ
ကွင်းဆင်းဆောင်ရွက်သည့် မှတ်တမ်းဓာတ်ပုံများ






# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းခွင်များအတွင်း လှည့်လည် ကြည့်ရှု စစ်ဆေး



ရန်ကုန် မေ ၂၅

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၃ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးရေလွှဲဆည်သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးနေမှုများ၊ ဖြူးရေလွှဲဆည်တည်ဆောက်ပြီးစီးခဲ့မှုနှင့် ရေသောက်စနစ်များ ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒေသစိမ်းလန်းစိုပြည်ရေး၊ ဒေသတွင်းစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာနိုင်ရေးနှင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ သိသိသာသာဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍအသီးသီးက ပိုမိုကြိုးစားပေးကြပါရန် ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)**

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အသင်းသူအသင်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံရာ (အောက်ပုံ) အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်း၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသင်း၏ နာယက ဒေါက်တာ စောပလယ်စော (ပါမောက္ခချုပ် – ငြိမ်း)နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘီအိုစီကွေ့ရှိ ရှေးဟောင်းနှစ်ထပ် အဆောက်အအုံနှင့် မြေဧက ၃၀၀ ကျော်သည် ၁၉၅၂ ခုနှစ်မှစတင်၍ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးသင်တန်းများပေးခဲ့ပြီး၊ ၁၉၆၄ ခုနှစ်မှစတင်၍ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်အဖြစ် ဖွင့်လှစ်သင်ကြားခဲ့သည့် နှစ် ၉၀ သက်တမ်းရှိ ရှေးဟောင်းအဆောက်အဦကြီးဖြစ်ရာ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေး၏ သမိုင်းမှတ်တိုင်ဖြစ်သကဲ့သို့ တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ နှလုံးသည်းပွတ်လည်း ဖြစ်ပါကြောင်း၊ သို့ပါ၍ အဆိုပါ အဆောက်အအုံနှင့် ဆက်စပ်မြေများကို အခြားနည်းဖြင့် ပြောင်းလဲသုံးစွဲခြင်း မပြုရေးနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးနည်းပညာများ ဖြန့်ဖြူးပေးသော ဌာနကြီးအဖြစ် ဆက်လက်အသုံးပြုနိုင်ရေး ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ဌာနများသို့ တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်များပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး၊ မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ အပင်ဇီဝနည်းပညာဌာန တာဝန်ခံ ဒေါက်တာပပအောင်တို့က လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာတို့အတွက် ပြဋ္ဌာန်းထားသော ဥပဒေများအပါအဝင် နည်းပညာဖြန့်ဖြူးရေး တောင်သူပညာပေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ရောက်ရှိကြရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ဆောက် အကောင်အထည်ဖော်ခဲ့မှုများနှင့် တိုးချဲ့ပြုပြင်မွမ်းမံရန် လိုအပ်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ယဉ်ကျေးမှုအမျိုးသားစရိုက်လက္ခဏာများကို အချိန်တိုအတွင်း တစ်နေရာတည်းတွင် ပြည့်ပြည့်စုံစုံ လေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိသော သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသည့် ဤဥယျာဉ်ကြီး ရေရှည်တည်တံ့ရေးနှင့် ပိုမိုပြည့်စုံစွာ ဖြည့်ဆည်းပြသနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုအားပေးကြသည်။

**MOALI ပြန်ကြားရေး**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးများ၊ KOICA ဌာနေကိုယ်စားလှယ် ၊ FAO ဌာနေကိုယ်စားလှယ်တို့နှင့် တွေ့ဆုံဆွေးနွေး



ရန်ကုန် မေ ၂၂

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ မေ ၂၁ ရက် ညနေ ၅ နာရီခွဲက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Peter Lysholt Hansenနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌တွေ့ဆုံပြီး ပင်လယ်ကမ်းရိုးတန်း ငါးမွေးမြူရေးအစီအစဉ်နှင့်စီမံခန့်ခွဲမှုနည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**

အလားတူ မေ ၂၂ ရက် နံနက် ၉ နာရီခွဲက ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Mr. Alcides G.R.Prates အား ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံပြီး၊ လယ်ယာကဏ္ဍတွင် နှစ်နိုင်ငံအကျိုးတူ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ နံနက် ၁၀ နာရီခွဲက ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) မှ ဌာနေကိုယ်စားလှယ် Mr.Nam Kwon Hyoung နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ ကျေးရွာသစ်စီမံကိန်းအကောင်အထည်ဖော်မည့်အစီအစဉ်များ၊ စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာနှင့်မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီက ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ ဌာနေကိုယ်စားလှယ် Ms.Bui Thi Lan အား တွေ့ဆုံ၍ FAO နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် နည်းပညာပေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။(ပုံ)

**MOALI ပြန်ကြားရေး**

လယ်ယာစီးပွား သတင်း
The Agri-Business News
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွန့် (ရေနံချောင်း)၊ သိန်းဖေ
အင်ပင်သန်းဌေးအောင်
မာမာဝေ (ပုသိမ်)၊ အောင်ငြိမ်း (မန္တလေး)၊
ဌေးဌေးရီ (မန္တလေး)၊ ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (စိုက်/စီ)၊ သန်းဆွေ(မြင်းခြံ)၊
ဝါဝါရွှေ (တောင်ကြီး)၊ ဒေါ်ဟန်သိန်း(ပြည်)၊
မြင့်မြင့်ချို (မော်လမြိုင်)၊ ညောင်ဦးဖိုး၊
အောင်နိုင် (ပခုက္ကူ)၊ ယွန်းလဲ့ရည်ဝင့်။

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ဓါတ်ပုံ(ဓါးစီး)ဆ)းလုံး**
သက်မော်

**ဒီဇိုင်း**
မြတ်လင်း၊ နွယ်နီ

**ဖလင်၊ ကာလာခွဲ**
မြကျွန်းသာ

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
လယ်ယာစိုက်ပျိုးရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

**ဆက်သွယ်ရန်**
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း-၆၆၃၅၀၅
Email:agribusinessnews2000@gmail.com

အယ်ဒီတာ့အာဘော်

# ပြည်တွင်းဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်းကို ကြိုဆို

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ သီးနှံအထွက်တိုးရေးတွင် အရေးကြီးသည့် သွင်းအားစုတစ်ခု ဖြစ်သော ဓာတ်မြေဩဇာ အပြည့်အဝသုံးစွဲရေးမှာလည်း အရေးပါသည့် အချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ယခင်ကာလများကတည်းက ပြည်တွင်း၌ ဓာတ်မြေဩဇာစက်ရုံများ တည်ထောင်ကာ ထုတ်လုပ်ပံ့ပိုးပေးရုံသာမက လိုအပ်သည့်ဓာတ်မြေဩဇာများကို ပြည်ပမှ ဝယ်ယူသုံးစွဲခဲ့ကြရသည်။

ဓာတ်မြေဩဇာကို ပြည်ပမှဝယ်ယူသုံးစွဲရခြင်းအားဖြင့် လိုအပ်သည့်အရည်အသွေးပြည့်မီရေးနှင့် ဝယ်ယူသုံးစွဲစရိတ်သက်သာရေးတို့သည် အလွန်အရေးကြီးလှသည်။ ထို့ကြောင့် ပြည်တွင်းတွင် ဓာတ်မြေဩဇာစက်ရုံတည်ထောင်ကာ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ခြင်းအားဖြင့် အရည်အသွေးကောင်းမွန်သော ဓာတ်မြေဩဇာများ ရရှိနိုင်မည်ဖြစ်သည့်အပြင် ပြည်ပမှဝယ်ယူသုံးစွဲရခြင်းထက် ဈေးနှုန်းသက်သာကာ နိုင်ငံခြားငွေယိုဖိတ်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ ကာကွယ်ရာ ရောက်ပေမည်။

ယင်းကဲ့သို့ ပြည်တွင်း၌ဓာတ်မြေဩဇာထုတ်လုပ်သုံးစွဲရန် လိုအပ်နေချိန်တွင် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးသည့်အနေဖြင့် မြန်မာနိုင်ငံ လယ်ယာစီးပွား အများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် ဂျပန်နိုင်ငံ မစ်ဆူအီ (Mitsui) ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ Behn Meyar ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ ဓာတ်မြေဩဇာသွင်းအားစု ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ၂၀၁၆ ခုနှစ် ဧပြီ ၇ ရက်က အောင်မြင်စွာ ကျင်းပနိုင်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကိုယ်တိုင် တက်ရောက်၍ အားပေးချီးမြှင့်ကာ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယခုကဲ့သို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်သော ပြည်တွင်း၌ဓာတ်မြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်းစက်ရုံတစ်ခု တည်ဆောက်ရင်းနှီးမှု ပြုလုပ်မည်ကို ကြိုဆိုရမည်ဖြစ်ပါသည်။ ထို့ပြင် ယင်းစက်ရုံတည်ထောင်ပြီးစီးပါက မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီမည့် ဓာတ်မြေဩဇာ အချိုးအမျိုးမျိုးကို အရည်အသွေးမီမီ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် လိုအပ်လှသည်။

မြန်မာတောင်သူများအနေဖြင့်လည်း လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် သတ်မှတ်ထားသည့် အချိုးအစား နှင့်ကိုက်ညီသော အရည်အသွေးကောင်းအမျိုးအစား ဓာတ်မြေဩဇာများကို အချိန်မီ အချိန်ကိုက် သတ်မှတ်ချက်နှင့်အညီ စနစ်တကျ ထည့်သွင်းသုံးစွဲကြခြင်းအားဖြင့် အရည်အသွေးပြည့်မီသော လယ်ယာထွက်ကုန်များ ပေါ်ထွန်းအောင် ဆောင်ရွက်ကြကာ ပြည်တွင်းပြည်ပရိက္ခာ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

## တိုက်ကြီးမြို့နယ် ရော်ဘာပျိုးခင်းထူထောင်ခြင်းနှင့် အဖူးကူးခြင်းနည်းပညာ သင်တန်းဖွင့်လှစ်

စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး ရန်ကုန်တိုင်းဒေသကြီးမှ ကြီးမှူး၍ တိုက်ကြီးမြို့နယ် စိမ်းလဲ့မြိုင်ရော်ဘာခြံတွင် ရော်ဘာပျိုးခင်းထူထောင်ခြင်းနှင့် အဖူးကူးခြင်း နည်းပညာသင်တန်းကို ၃.၃.၂၀၁၆ ရက်မှ ၆.၃.၂၀၁၆ ရက်အထိ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် တိုင်းဦးစီးမှူးက အမှာစကားပြောကြားရာတွင် ရော်ဘာစိုက်ပျိုးသည့်ခြံရှင်များ၊ တောင်သူများသည် ရော်ဘာပျိုးပင်များကို ကိုယ်တိုင်ထုတ်လုပ်ပြီး မျိုးကောင်းမျိုးသန့်များ စနစ်တကျ ပျိုးထောင်ရရှိလာနိုင်စေခြင်း၊ အစေးထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးလာပြီး ကျွမ်းကျင်သော အဖူးကူးလုပ်သားများ ပေါ်ထွန်းလာစေခြင်း၊ တိုးချဲ့ဧကများအတွက် ရော်ဘာမျိုးကောင်းမျိုးသန့်များ လုံလောက်စွာရရှိနိုင်ခြင်း၊ ရော်ဘာပင်အား အစေ့မှ စိုက်ပျိုးခြင်းထက် အဖူးကူးပင်အား စိုက်ပျိုးပါက အစေးပိုမို ကောင်းနိုင်ကြောင်းကို သိရှိစေနိုင်မည်ဖြစ်ကြောင်း ရော်ဘာခြံရှင်များ၊ တောင်သူများသည် မိမိဒေသနှင့် ကိုက်ညီသော ရော်ဘာအစေးထွက်ကောင်းမျိုးများ ရွေးချယ်ပျိုးထောင်နိုင်ပြီး ကျန်းမာသန်စွမ်း





တိုက်ကြီးမြို့နယ် စိမ်းလဲ့မြိုင်ရော်ဘာခြံတွင် ရော်ဘာပျိုးခင်းထူထောင်ခြင်းနှင့် အဖူးကူးခြင်း နည်းပညာသင်တန်းကို ၃.၃.၂၀၁၆ ရက်က ဖွင့်လှစ်ရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး အဖွင့်အမှာစကားပြောကြားစဉ်။

သော အဖူးကူးပင်များ ရရှိလာခြင်းတို့ကြောင့် ဝင်ငွေတိုးတက်ရရှိကာ ကျေးလက်လူနေမှု ဘဝ အဆင့်မြင့်မားပြီး တိုင်းပြည်ဝင်ငွေလည်း တိုးတက်နိုင်မှာဖြစ်ကြောင်း၊ မိမိစိုက်ပျိုးသည့်စိုက်ကွက်နှင့် အနီးဆုံးတွင် ပျိုးခင်းတည်ထောင်ထုတ် လုပ်ပြီး စိုက်ခင်းတွင် စိုက်ပျိုးနိုင်သဖြင့် ပျိုးပင်သယ်ယူစရိတ် သက်သာ စေကြောင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်း ဒေသကြီးမြို့နယ်များရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ ရော်ဘာခြံရှင်များ၊ ရော်ဘာစိုက်တောင်သူများ၊ သင်တန်းသားများ တက်ရောက်ကြပြီး စာတွေ့၊ လက်တွေ့ပို့ချသင်ကြားပေးသည်။

**စိုက်ပျိုးရေးဦးစီးဌာန (နှစ်ရှည်သီးနှံဌာနခွဲ)**

ရေးပြချင်တဲ့ အတွေး၏တစ်မျှင်

# မလျှုတတ် ဈေးရောင်း

မြတ်စိုး(လှိုင်)

**မြန်မာ့နှစ်သစ်ကာလတစ်ခုကို ရောက်ရှိလာခဲ့ပါပြီ။ နှစ်ဟောင်းက ကိုယ်၊ နှုတ်၊ နှလုံး အလုပ်သုံးပါး၏ မှားယွင်းခဲ့သည့် အညစ်အကြေးများကို သကြံန်ရေအေးဖြင့် ဆေးကြောကာ စိတ်သစ်၊ ကိုယ်သစ်၊ အတွေးသစ်များဖြင့် နှစ်သစ်ဦးတွင် လုပ်ငန်းခွင်အသီးသီးသို့ ပြန်လည်ဝင်ရောက်နေကြပြီဖြစ်သည်။**

ပြီးခဲ့သည့်သင်္ကြန်ကာလ နှစ်သစ်ဦး အစရက်တစ်ရက်တွင် မိသားစုနှင့်အတူ အလှူဒါနပြုရင်း ဘုရားကျောင်းကန် စေတီပုထိုးများကို လှည့်လည် ဖူးမြော် ကုသိုလ်ယူခွင့်ရခဲ့သည်။

ထိုနေ့က နေ့လယ်စာအတွက် အိမ်ကပြင်ဆင်သွားသည့် ထမင်းဟင်း စားသောက်ဖွယ်ရာများကို အရိပ်အာဝါသကောင်းသည့် သစ်ရိပ်ဝါးရိပ် တစ်နေရာရာ၌ အပူဒဏ်ကိုရှောင်တိမ်းရင်း မိသားစု ပျော်ပျော်ပါးပါး စားသောက်ရန် စီစဉ်သွားကြသည်။

သို့ရာတွင် နေ့လယ်စာစားသောက်ချိန်၌ မမျှော်လင့်ဘဲ အတွေးတစ်ခု ဝင်လာ၍ ဟင်းလျာအမယ်စုံနှင့် အသစ်အဆန်း အသားငါးများပါ ချက်ပြုတ်လေ့ရှိသော နာမည်ကြီးထမင်းဆိုင်တစ်ဆိုင်ကို သွားရောက်စားသောက်ကြရန် စိတ်ကူးပေါ်လာကာ ထိုဆိုင်သို့ရောက်ရှိသွားကြသည်။

ဆိုင်အတွင်းသို့ ဝင်ကတည်းက ပိုင်ရှင်အမျိုးသားကြီးကိုယ်တိုင် ဧည့်ဝတ်ပျူငှာ ဆီးကြိုရှာပါသည်။ ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေနှင့် သင့်တော်သည့်နေရာ တစ်ခု မိသားစုအတွက် စီစဉ်ပေးသဖြင့် ကျေးဇူးတင်ရပါသည်။

ဆိုင်ရှင်အမျိုးသား၏ ဇနီးဖြစ်သူကတော့ တစ်နေရာမှကြည့်နေကာ ဧည့်ဝတ်ပျူငှာမရှိလှဘဲ ဝတ်ကျေဝတ်ကုန်သာ ပြောဆိုဆက်ဆံနေသည်ကို အမှတ်မထင် တွေ့လိုက်ရသည်။

စာရေးသူသည် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များသို့ မကြာခဏ ရောက်ရှိတတ်သဖြင့် ဧည့်ဝတ်ပျူငှာသော ဆိုင်ပိုင်ရှင်များ၊ ဖော်ရွေတာဝန်ကျေသည့် ကြီးကြပ်သူများ၊ စားပွဲထိုးများကို အမြဲလိုလို ဆက်ဆံခဲ့ဖူးသည်။

ဆက်ဆံရေးသိပ်အဆင်မပြေသည့် လူငယ်စားပွဲထိုးများကိုတွေ့လျှင် သူတို့၏ စိတ်ထားကိုပြုပြင်သည့်သဘောဖြင့် ဝန်ဆောင်မှုပေးခြင်းဆိုသည်မှာ မိမိ ငွေကြေးစိုက်ထုတ်ရခြင်းမရှိဘဲ စားသုံးသူတို့၏ငွေကြေးဖြင့် ဧည့်ခံရခြင်းဖြစ်သဖြင့် စိတ်ထားတတ်လျှင် မြတ်လှကြောင်း၊ ကုသိုလ်ယူတတ်လျှင် ကုသိုလ်အမြဲရသည့်လုပ်ငန်းဖြစ်ကြောင်း၊ စိတ်ထားကောင်းကောင်းဖြင့် ပုံမှန်ကြိုးစားသွားလျှင် ကြီးပွားသည့်လုပ်ငန်းရှင်တစ်ဦးအထိ ဖြစ်လာနိုင်ကြောင်း စိတ်ကောင်းစေတနာဖြင့် ဆိုဆုံးမလေ့ရှိသည်။

မိမိ၏ဆိုဆုံးမမှုကိုလည်း စားပွဲထိုး လူငယ်အများစုက လက်ခံကာ ကျေးဇူးတင်စကား အမြဲကြားရသည်။

အမှန်လည်း လိုက်နာကျင့်သုံးကြသည့်လူငယ်တချို့ မျက်စိအောက်၌ပင် ကြီးပွားတိုးတက်သွားသည်ကို တွေ့မြင်ရဖူးသည်။

ယခုထိုဆိုင်၏ပိုင်ရှင်မှာ ဖော်ရွေပျူငှာသလောက် ၎င်း၏ဇနီးဆိုင်ရှင်မမှာမည်သည့်အကြောင်းကြောင့်မသိ၊ ကျွန်တော့်တို့မိသားစုဝိုင်းကို ငေးကြည့်ရင်း တစ်စုံတစ်ရာကို မကျေနပ်သလို မျက်နှာထားကို မြင်နေရသည်။

တကယ်တော့ ကျွန်တော်တို့သည် ထိုနေ့က အိမ်မှယူလာသည့် ထမင်းဟင်းလျာနှင့် ဆိုင်ကမှာထားသည့် ထမင်းဟင်းလျာများ ပေါင်းစပ်၍ စားသုံးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အားတုံ့အားနာရှိသဖြင့် ဆိုင်အတွင်းဝင်ကတည်းက အခြေအနေမှန်အတိုင်း ပြောပြကာ ကျသင့်တာ တွက်ချက်ပေးချေမည်ဖြစ်ကြောင်း စကားပလ္လင်ခံ၍ စားသုံးကြခြင်းဖြစ်သည်။

ထိုနေ့က ထမင်းဝိုင်းသိမ်းသောအခါ ကျသင့်ငွေကိုပေးချေရန် ငွေကောင်တာသို့သွားမှ နံရံပေါ်တွင် **"ပြင်ပအစားအစာများ ယူဆောင်မလာရ"** ဟူသည့် သတိပေးစာတန်းကို ရုတ်တရက်တွေ့လိုက်ရသဖြင့် ဝင်ကတည်းက ဆိုင်ရှင်မအမျိုးသမီး မျက်နှာဘာကြောင့် မသာယာသည်ကို အဖြေပေါ်သွားတော့သည်။



သဘောရိုးဖြင့် ပြောရလျှင် ထိုနယ်နှင့် ထိုဆိုင်ကို လူအများက အစားအသောက်ကောင်းသည်ဆို၍ တစ်ခေါက်တစ်ခါ ဝင်ရောက်အားပေးမိသော်လည်း အဆိုပါ စာတန်းကို ဝင်ကတည်းကသာ တွေ့မိပါလျှင် ထိုဆိုင်တွင် နံနက်စာ သုံးဆောင်မိမည် မထင်ပါ။

ကျွန်တော်တို့မိသားစုမှာ ထိုဆိုင်တွင် ကြုံကြိုက်တုန်း အားပေးလိုစိတ်သာရှိပြီး သတိမှတ်ချက်ကို ကြိုမတွေ့သဖြင့် ဖောက်ဖျက်သလိုဖြစ်သွား၍ ထပ်ဆင့်ရှင်းပြကာ အကျေအလည် တောင်းပန်ရင်း ထမင်းဟင်းဖိုးများ ရှင်းခဲ့ပါသည်။

ကျွန်တော်တို့က သဘောရိုးဖြင့် ရှင်းပြနေချိန်တွင် **"မလှူတတ် ဈေးရောင်း"** ဆိုသောစကားကိုသာ ဆိုင်ရှင်မခမျာ ခံယူမိပါလျှင် . . . . .။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဥယျာဉ်ခြံများနှင့် နွေသီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးလှမြင့်အောင် စစ်ဆေး



စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးလှမြင့်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြနဒီဥယျာဉ်ခြံတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နည်းစနစ်ဖြင့် သရက်သီးစိုက်ပျိုးထုတ်လုပ်နေမှုအဆင့်ဆင့်၊ သရက်သီးများ အိတ်စွပ်ခြင်း၊ အရည်အသွေးအဆင့်ခွဲခြင်း၊ ထုပ်ပိုးခြင်း၊ ဈေးကွက်တင်ပို့ခြင်းလုပ်ငန်းများကို ဧပြီ ၁၉ ရက်က ကြည့်ရှုစစ်ဆေးရာ ခြံဦးစီးမှူးက GAP Certificate ရရှိနိုင်ရေးအတွက် မြေဆီလွှာနမူနာ၊ ရေနမူနာ၊ အပြင်းစားသတ္တုဓာတ်များပါဝင်မှု စစ်ဆေးခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့မှတစ်ဆင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နည်းပညာ)သည် ကျောက်ဆည်ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးတို့နှင့်အတူမန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၊ လမ်းခွကျေးရွာတွင်စိုက်ပျိုးလျက်ရှိသော နွေစပါး၊ နွေနှမ်း၊ ပဲတီစိမ်း အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က အယ်လ်နီညိုရာသီဥတုအကျိုးဆက်အရ ဖြစ်ပေါ်နိုင်သော ပူပြင်းခြောက်သွေ့ခြင်းကြောင့် ရေပြတ်လပ်နိုင်သဖြင့် သက်တမ်းတိုမျိုးများကို စိုက်ပျိုးခြင်း၊ ရေငတ်ဒဏ်ခံမျိုးများကို စိုက်ပျိုးခြင်း၊ ရေချွေတာသုံးစွဲခြင်း၊ ရေစနစ်တကျသုံးစွဲရေး ကိစ္စရပ်များ၊ တောင်သူများဈေးကွက်ပိုမိုကောင်းမွန်ပြီး ဝင်ငွေပိုမို ရရှိနိုင်သည့် Profit-oriented အသိအမြင်ဖြင့် သင့်တော်သော သီးနှံ၊ သီးနှံပုံစံ စိုက်ပျိုးသွားရေးနှင့်ဈေးကွက်ချိတ်ဆက် ဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

MOALI မြန်ကြားရေး





## တတ်မြေသြဇာထည့်သွင်းရေးနှင့် အပင်ပြုစု ထိန်းသိမ်းရေး နည်းပညာများ သံတောင်ကြီးတွင် ဆွေးနွေး

**သန်းသန်းနွယ် (ကရင်ပြည်နယ်စိုက်ပျိုးရေး)**

လိပ်သိုမြို့နယ် ကော်ဖီရာသီသီးနှံဌာနခွဲ၊ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ ရွှေညောင်ပင်ခြံ၊ ပသိဆည်ဥယျာဉ်ခြံများမှ ခြံတာဝန်ခံများက ဖာလာနှင့်ကော်ဖီစိုက်တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်၍ မတ် ၂၉ ရက်က စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ဆွေးနွေးပွဲကို ပြုလုပ်ရာ သံတောင်ကြီးမြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်မင်းနှင့် ဖာလာစိုက်ဒေသခံတောင်သူများ၊ ပညာရှင်ဝန်ထမ်းများ၊ ခြံတာဝန်ခံများ၊ ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်များ စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၀ ဦး တက်ရောက်ဆွေးနွေးကြသည်။

သံတောင်ကြီးဒေသတွင် ဖာလာပင်များကို ဧက ခုနစ်သောင်းခွဲကျော် စိုက်ပျိုးထားရာမှ အပင်မျိုးဝယ်ယူစရိတ်နည်းပါးခြင်း၊ ထိန်းသိမ်းစရိတ်သက်သာခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်းတို့ကြောင့် တိုးချဲ့စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်း၌ အသုံးပြုခြင်းမရှိဘဲ တရုတ်နိုင်ငံ၏ဝယ်လက်ကိုသာ အားထားနေရသေးသည့်အတွက် အထွက်နှုန်းပိုမိုရရှိရေးနှင့် ဈေးကွက်ခိုင်မာစွာဖြင့် ရောင်းချနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေလျက်ရှိသည်။

# တော်ကဆုန် ခွန်းထောက်

ကိုဖိုးအေး
(မြန်မာ့အသံ)




✹ ဟေမန်နွေလှန်လို့ တုံ့ပြန်တော့၊
ဘွေသဟံ ဝေယန်အုံ့ဆီက၊
လေပြန်လှုံ့ဆော်ခဲ့ပြီ။
✹ ပင်ပေါ်ထက် ရော်ရွက်ဝါ ထိန်ဝေနှင့်၊
ခါဂိမှေ့ သည်တစ်ခေတ်တွင်မှ၊
ညှာလိမ်ကြွေ တစ်မည်သစ်မည်ကြောင့်၊
အသစ်တွေ ထွေကာစုပါလို့၊
ပုရစ်ခွေ တမာနုမှာကွယ်၊ ကျေးဥစီစီ။
✹ ခင်တန်းလျှို သပြေပင်က၊ ရွှေသဇင်သုတ်လေနှောပြန်တော့၊
နေဝင်လျှင် ဘုတ်တွေရောပါလို့
အုတ်ရွှေညြရယ်က တွန်သံချို၊ ဥဩနီနှင့်ကွာဝေး။ ။
✹ ဖန်ခါခါ၊ လမ္ဘုရာစည်ဒိုးဆွဲ့ပေမို့၊
ဝသန်မှာ ဆည်မချိုပြီဘု၊
ပူမိသည် မှော်ရဂုံက၊
တော်ကဆုန် ညောင်ရေသွန်းချိန်မို့၊
ဖော်မစုံ အောင်မြေကွန်းဆီသို့၊
လွမ်းလိုက်လှသေး။ ။

ရှေးအခါက ကျွန်တော်တို့ တိုင်းသူပြည်သား ကျေးလက်နေပြည်သူအများ သီဆိုခဲ့သော လူနေမှုရိုးရာဓလေ့များနှင့် ဘဝကို ဖော်ကျူးထားသည့်တေးများ ရှိပေသည်။ ဤတေးများကို မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်း သယ်ပိုးလာခဲ့ကြသည်။ သို့သော် အချိန်ကာလ၏ တိုက်စားမှုကြောင့် ရိုးရာယဉ်ကျေးမှုနှင့် ကျေးလက်တေးများသည် တဖြည်းဖြည်းလျော့နည်းလာရာမှ ပျောက်ဆုံးစပြုလာရာ နောင်လာနောက်သားများအတွက် ထိန်းသိမ်းရန် ကျွန်တော်တို့တွင် တာဝန်ရှိလာသည်။

ထိုသို့သောတေးများကို မျိုးချစ်စာပေပညာရှင်များက တတ်အားသမျှစုစည်း၍ စာပေဖြင့်မှတ်တမ်းတင်ကာ နောက်လူများအတွက် ထိန်းသိမ်းလက်ဆင့်ကမ်းကြရပေမည်။ ခေတ်အဆက်ဆက် သယ်ဆောင်ခဲ့သော တေးသီချင်း (မြန်မာ့ရိုးရာတေးသီချင်း)များ တဖြည်းဖြည်းတိမ်မြုပ်ပျောက်ကွယ်မသွားရန် အရေးကြီးပေသည်။

**မြန်မာဂီတသည် အသံသာသည်။ ငြိမ့်ညောင်းသည်။ ထို့ကြောင့် နားဝင်ပီယံ ဖြစ်သည်။ ကြမ်းတမ်းသောအသံသည် ဂီတဟူသော အမည်ကို ခံယူသော်လည်း ဆူညံသံသက်သက်ဖြစ်သည်။**

အထက်ပါ တော်ကဆုန်ခွန်းထောက်သည် အလွန်ယဉ်ကျေးပြေပြစ်သည်။ စကားပရိယာယ်အသွယ်သွယ်၌ ကျွမ်းကျင်သည့်အပြင် စာဆိုကိုယ်တိုင်က အသံနေအသံထားကို သိနားလည်သောကြောင့် ရွေးချယ်သုံးနှုန်းထားသော စကားလုံးတို့မှာ နွဲ့ပျောင်းလှသည်။ စာသွားလည်း ငြိမ့်ညောင်းလှသည်။ စာသားလည်း ဆွတ်ပျံ့ဖွယ်ကောင်းလှသည်။

ဤခွန်းထောက်၏စာဆိုသည် ဦးကြော့ဖြစ်သည်။ ဤရှေးစာဆို ဦးကြော့သည် တောင်တွင်းကြီးမြို့နယ် နတ်မောက်မြို့သားဇာတိဖြစ်သည်။

ပဲခူးရိုးမတောင်သည် နတ်မောက်မြို့ကို အရှေ့အနောက်နှင့် မြောက်အရပ်တို့မှ နီးချည်တစ်လှည့် ဝေးချည်တစ်ခါဖြင့် အဖြာဖြာ ဆိုင်းမို့လျက် မှိုင်းညို့နေ၏။ "ယင်းချောင်း"သည် မြောက်ယွန်းယွန်း ပဲခူးရိုးမတောင်ခြေမှ စိမ်းဖန့်ကြည်လင်သော မြရေယဉ်ဖြင့် တသွင်သွင်စီးဆင်းနေပေသည်။ ထို့ကြောင့် နတ်မောက်မြို့၏ ထိုရှုချင့်စဖွယ် သာယာတင့်တယ်သော ပတ်ဝန်းကျင်တစ်ခုလုံးသည် ဦးကြော့၏ ကဗျာညဏ်မျိုးစေ့ကို တမြေ့မြေ့ ရေသွန်းလောင်းဘိသို့ရှိ၏။ အတွေးနယ်ကို ကျယ်သည်ထက်ကျယ်အောင် ချဲ့ထွင်ပေးသကဲ့သို့လည်း ဖြစ်ဘိ၏။

ဦးကြော့သည် မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် "စာတော်ဖတ်" အရာ ချီးမြှင့်သူကောင်းပြုခြင်းခံရကာ ဘုရင့်ထံပါးတွင် ခစားထမ်းရွက်ရသည်။

မန္တလေးမြို့တော်တွင် ထိုစဉ်အခါက စင်တော်ကြီးသဘင်ဝန်များ ဖြစ်ကြသော ဦးသာပြော၊ ဦးသာဓံ၊ ဦးဖူးညိုတို့သည် လင်ပျောက်ရှာ၊ မယားပျောက်ရှာ "ဟေမဝန်ဗွေ"၊ "ဟေမဝန်မြိုင်" စသော ရှာပုံတော်ကြီးများကို ရုပ်သေးစင်များပေါ်တွင် မကြာခဏသီဆိုလေ့ရှိသဖြင့် ထိုသီချင်းမျိုးများမှာ အလွန်ခေတ်စားနေသည်။ ထို့ကြောင့် ဦးကြော့သည် ရှာပုံတော်သီချင်းတစ်ပုဒ်ကို အစွမ်းကုန်ရေးသားစီကုံးအံ့ဟု ကြံစည်စိတ်ကူးမိသည့်အတိုင်း **"စုံနံ့သာမြိုင်ရဂုံတွင်း ထုံသင်းငဲ့ကြိုင်၊ ဂနိုင်ဟေမ၊ နွေအစ ရွှေမြ ကလျာ၊ ဟိုခင်ကိုလျှော့ပါလို့၊ လင်ပျောက်ကိုရှာခဲ့"** အစချီ စုံနံ့သာမြိုင် ရှာပုံတော်ကြီးကို ရေးသားစီကုံးလေသည်။ ထိုစုံနံ့သာမြိုင် ရှာပုံတော်ကြီးသည် မြန်မာ့အနုစာပေလောက၌ နာမည်ကျော်ကြား လူသိများသော အဖွဲ့အနွဲ့ကြီးတစ်ခု ဖြစ်သည်။ ထိုစုံနံ့သာမြိုင်ရှာပုံတော်ကြီးအား ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးထံ အသံနေအသံထားကျနပိုင်နိုင်စွာဖြင့် သီဆို၍ ဦးကြော့ကိုယ်တိုင် ရွှေနားတော်တင်ဆက်လေသည်။ ထိုအခါ ဘုရင်မင်းမြတ်က ၎င်းရှာပုံတော်ကြီးသည် ဂုဏ်ရသရှိရှိနှင့် ထိမိပါပေသည်ဟု ချီးကျူးကာ ဦးကြော့အား ရှေးကထက်တိုး၍ ဆုတော်လာဘ်တော်များကို ပေးသနားလေသည်။ ထိုအခါမှစ၍ ဦးကြော့၏ဂုဏ်သတင်းသည် နန်းတွင်းနန်းပြင် ကဗျာဂီတနယ်တစ်ခွင်တွင် ပေါ်လွင်ပျံ့သင်း၊ သွားတော့သည်။

ဦးကြော့သည် မင်းတုန်းမင်းလက်ထက်တွင်သာမက သီပေါမင်းလက်ထက်တွင်လည်း မင်းမှစ၍ ဝန်ကြီးမှူးကြီးတို့၏ မြှောက်စားချီးမြှင့်ခြင်း ခံရသည်။ ဦးကြော့ကို စာတော်ဖတ် ဦးကြော့၊ စာရေးတော်ကြီး ဦးကြော့၊ ဝန်စာရေး ဦးကြော့၊ တောင်တွင်းကြီး ဦးကြော့၊ နတ်မောက်ဦးကြော့၊ စုံနံ့သာမြိုင် ဦးကြော့ ဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကြသည်။

ရှင်ဥတ္တမကျော်သည် တောလားတစ်ဖွဲ့တည်းဖြင့် ထိပ်တန်းစာဆိုဘဝသို့ ရောက်လေဘိသကဲ့သို့ ဦးကြော့သည်လည်း စုံနံ့သာမြိုင်တစ်ပုဒ်တည်းနှင့် တံခွန်စိုက်စာဆိုဘဝသို့ ရောက်လေသည်။ ဤသို့ နာမည်ကျော်ကြား လူသိများသော စုံနံ့သာမြိုင်ရှာပုံတော်ကြီးကို သီကုံးဖွဲ့နွဲ့စပ်ဆိုပေးခဲ့သော ဦးကြော့၏ ကဗျာလင်္ကာအနုစာပေဖွဲ့နွဲ့ပုံများသည် အတ္ထာလင်္ကာရ အနက်အဓိပ္ပာယ်နှင့် ပြည့်စုံပြီး သဒ္ဒါလင်္ကာရဆိုကြည့်လျှင် အသံအနေဖြင့်လည်း နားထောင်၍ကောင်းသည်ချည်း ဖြစ်သည်။ ဤ **"တော်ကဆုန် ခွန်းထောက်"** ကဗျာ၌ စာဆိုဦးကြော့က ဆောင်းရာသီမှ နွေရာသီသို့ပြောင်းသည်ကို ရှေးဦးစွာ ဖွဲ့ဆိုပြပါသည်။ ထို့နောက် သစ်ပင်တို့၌ သဘာဝအလျောက် ရော်ရွက်ဝါမှာ လေခမြေသက်ကြကာ ရွက်သစ်လောင်း လာကြသည်တို့ကို ဖွဲ့ဆိုပြသည်။ သစ်ပင်များ၏ အရွက်များဝါလာသည်။ ဝါထိန်နေသည်။ နွေရာသီမှာ အရွက်အညှာကလေးများ အသစ်အသစ်ထွက်လာပါပြီ။ တစ်ပင်လုံးမှာ အသစ်များဖြင့်သာ စုလို့နေသည်။ ဤကဲ့သို့ အထွေထွေသော ထွက်ခါစရွက်ဖူးအသစ်များ စုထွက်နေသည့် တမာပင်၏အမြစ်ဖု၊ ပင်စည်ဖုများကဖြင့် စီစီရီရီများပြားလို့နေသည်။ မို့မောက်သောကုန်းမြေခင်တန်းချောက်၊ မြောင်မှာပေါက်နေသော သပြေပင်က သဇင်ပန်းပင်ကိုဖြတ်၍ တိုက်လာသော လေကတိုက်လိုက်ပြန်ပါသည်။ နေဝင်ချိန်မှာ ဘုတ်ငှက်များကလည်း ရောနှောပါဝင်၍ ဥဩငှက်များက တွန်သံပေးနေပါသည်။ မိမိရပ်ရွာနှင့်ဝေးကွာနေရတဲ့အချိန်မှာ ဤကဲ့သို့သော သဘာဝအခြေအနေများက ဖန်တီးလို့နေပါသည်။ မိုးကလည်း အဖန်အဖန် အခါခါ ခြိမ်းနေလို့မို့ ဝသန်ကာလ မိုးကျပြီလို့ သိလိုက်ရပါသည်။ ဒီအချိန်မှာ ဖြေမဆည်နိုင်အောင် မချိတင်ကဲဖြစ်ရသည်။ ဤတောမြိုင်မှာ အကျွန်ုပ်ူဆွေးမိပါတော့သည်။ ကဆုန်လ ညောင်ရေသွန်းလောင်းချိန်လည်းဖြစ်လို့မို့ ဖော်မစုံဖြစ်နေရတဲ့ မိမိဟာ အောင်မြေဒေသဖြစ်သောဒေသ (နတ်မောက်မြို့)ကို အလွန်ပင် လွမ်းမိပါသေးသည်ဟု ဖွဲ့ဆိုထားပါသည်။

ကဗျာစပ်ရာတွင် ဦးကြော့သည် နဘေထပ်ကောင်းအောင် စပ်တတ်သည်။ ထို့ကြောင့် ခေတ်ပြိုင်စာဆိုများက "ထပ်နဘေ၊ စပ်ဂဟေမူတစ်စောင်နှင့် ကြော့မောင်မောင်ရှေ့တော်ဘတ်ကယ်"ဟု စကားချီးကြလေသည်။ မှန်လှပါပေသည်။ ဦးကြော့ရွေးချယ်သုံးနှုန်းထားသော စကားလုံးတို့မှာ ဆန်းနုနွဲ့ပျောင်းသည့်ပြင် စာသွားလည်း ညင်သာငြိမ့်ညောင်းသောကြောင့် သီဆိုသည့်အခါ အထူးပင် နဝင်ပီယံရှိလှသည်။ သဘာဝတ္တအခြေအနေ၏ ရှုချင့်စဖွယ်သာယာတင့်တယ်ပုံကို သရုပ်ပေါ်အောင် စာဖြင့် ကန့်ကလျဆေးစုံခြယ်နိုင်သောကြောင့်လည်း ဦးကြော့ကို သဘာဝစာဆိုဟူ၍လည်းကောင်း၊ အနွဲ့စာဆို(ဝါ) အနုစာဆိုဟူ၍လည်းကောင်း ခေါ်ဝေါ်နိုင်ပေသည်။

ဤမျှမကသေး ဦးကြော့သည် အချို့စာဆိုများကဲ့သို့ ခမ်းနားထည်ဝါသော အကြောင်းအရာတို့ကိုချည်းသာ ရွေးချယ်ကာ စာဖွဲ့သည်မဟုတ်၊ သိမ်ငယ်သေးနုပ်သော အကြောင်းအရာကလေးပင် ဖြစ်လင့်ကစား လျစ်လျူမရှုဘဲ စာပန်းချီမျက်စိဖြင့် အနုစိတ်ကြည့်ရှုပြီးလျှင် အဆန်းတကြယ်ဖြစ်အောင် ဖွဲ့လေသည်။

ဤကား မြန်မာ့ရိုးရာ ကျေးလက်တေးတစ်ပုဒ်အား မတိမ်မြုပ်ရလေအောင် စာဆိုဦးကြော့၏စေတနာ၊ စာဆို၏အရေးအသား၊ စာဆိုပေးသည့်အလင်္ကာမြောက် ဂုဏ်ရသတို့ကို မြည်းစမ်းလေ့လာ သိရှိဖတ်ရှုစိမ့်သောငှာ ရှာဖွေတင်ပြလိုက်ရပါသော ဆောင်းပါးစာလွှာ ဖြစ်ပါသည်။ ဤရိုးရာဓလေ့ ကျေးလက်လယ်ယာ တေးသံသာများ တဖြည်းဖြည်း ရွေ့လျောပျောက်ကွယ်မည့် အန္တရာယ်မှကင်းရန် မြန်မာ့အနုစာပေ ချစ်မြတ်နိုးသူများနှင့် ပြည်သူအပေါင်းသည် တာဝန်တစ်ရပ်အနေဖြင့် စောင့်ရှောက်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပေသတည်း။

ထိန်လင်း
(မန်းတက္ကသိုလ်)



# ရေသုတေသန နိုးထလာသောနေ့

**မျက်စိထဲတွင် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားနေ့အခမ်းအနားမြင်ကွင်းကို ပြန်လည်မြင်ယောင်လာမိသည်။ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံသူနိုင်ငံသား လူကြီးပိုင်း၊ လူလတ်ပိုင်း၊ လူငယ်ပိုင်းများနှင့် သူငယ်တန်းကလေးများအထိ အရွယ်စုံပါဝင်သည့်ပရိသတ်။ ဝန်ကြီးချုပ်က နိုင်ငံသူ နိုင်ငံသားများ၏ အသက်အရွယ်အလွှာအလိုက် စားဝတ်နေရေးအမျိုးသားစီမံကိန်းကို ရှင်းပြနေသည်။ ပြန်လည်သန့်စင်ထားသောရေ (Recycle Water)ကိုလည်း နိုင်ငံ့ခေါင်းဆောင်က စံနမူနာပြ လက်တွေ့ရှင်းပြနေသည်ကိုး။ စင်ကာပူနိုင်ငံတွင် ရေသည်ရွှေ။ သဘာဝရေတွင်မက ပြန်လည်သန့်စင်ထားသောရေကိုလည်း အားထားနေရသည်။**

ယခုလည်း ၂၆.၃.၂၀၁၆ နှင့် ၂၇.၃.၂၀၁၆ ရက်က နေပြည်တော် ထိပ်တန်းဟိုတယ်ကြီးတစ်ခုတွင် ကျင်းပသည့် **"မြေအောက်စက်ရေတွင်းတူးဖော်ခြင်းဆိုင်ရာ နည်းပညာအတွေ့အကြုံများနှင့် မြန်မာနိုင်ငံ၏ ဇလဘူမိဗေဒအခြေအနေများအပေါ် ပြန်လည်သုံးသပ်ခြင်း"** အလုပ်ရုံဆွေးနွေးပွဲတွင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန (ယခုဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းအမြစ်)၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား အရာရှိကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲအရာထမ်း အမှုထမ်းများ၊ ပြင်ပမှပညာရှင် ဧည့်သည်တော်များ တက်ရောက်၍ ကျန်းမာရေးနှင့် ညီညွတ်သောရေရရှိရေးနှင့် သောက်သုံးနိုင်ရေး ဆွေးနွေးနေကြခြင်းဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို လုပ်စေချင်တာကြာပြီဟု ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ယခုစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်) ဦးကျော်မင်းဦးက ပြောသည်။ ယခု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အေးထူးဦးဆောင်ပြီး၊ မြေအောက်ရေဌာနခွဲက အဓိကစီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် နိုင်ငံတကာရေစီမံခန့်ခွဲမှုဌာန (IWMI) ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့မှ တက်ရောက်ခဲ့သည့်အပြင် တက္ကသိုလ်အသီးသီးမှ ဘူမိဗေဒပညာရှင်များလည်း တက်ရောက်ခဲ့ကြသည်။

၎င်းပြင် ရေနှင့်ရေသန့်စင်လုပ်ငန်းများလုပ်ကိုင်လျက်ရှိကြသော ဌာနများဖြစ်ကြသည့် ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှလည်း တက်ရောက်ခဲ့ကြသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် အငြိမ်းစားယူသွားပြီဖြစ်သည့် သက်ရှိထင်ရှားရေသယံဇာတပညာရှင်ကြီးများက လက်ဆင့်ကမ်းပညာအမွေပေးသည်။ ၎င်းကိုလက်ရှိမျိုးဆက်သစ်ရေသယံဇာတပညာရှင်များက ကမ်းလင့်လက်ခံ ပညာအမွေဆက်ခံသည်။

ပညာအမွေပေးသူနှင့် ပညာအမွေဆက်ခံသူတို့၏ပွဲ။ တသွင်သွင်စီးဆင်းနေရသောရေသယံဇာတ ပညာရေစီးကြောင်း၊ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ဦးနှောက်တွင် ရင်းနှီးမြှုပ်နှံသည့်ပွဲ။ ရင်းနှီးမြှုပ်နှံမှုထဲတွင် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု။ ထိုပွဲတွင် သုတေသန စာတမ်း ၁၉ စောင်ဖတ်ကြားသည်။ အချက်အလက်များကို လွတ်သွားမည်စိုး၍ စဉ်ဆက်မပြတ် မှတ်သားနားထောင်နေမိသည်။

ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးလှမြင့်မောင်က မှန်ကန်သည့် ဦးဆောင်မှုနှင့်အတူ လူမှန်နေရာမှန် ကြိုးစားကြဖို့ ရေသယံဇာတပညာရှင်တွေ အခုလိုမျိုးဆက်သစ်တွေကို သွေးသစ်လောင်းပေးတော့ အနာဂတ်မှာ ရေသယံဇာတပညာရှင်တွေ မွေးထုတ်ပေးနိုင်ပြီဟုလည်း ဝမ်းသာစကားပြောကြားသည်။

ရေအသက်တစ်မနက်ဟု အဆိုရှိသည်။ လူသားနှင့်ရေ။ ရေနှင့် လူသားတစ်သားတည်းမဟုတ်ပါလား။ ရေမရှိပါက လူနှင့်သက်ရှိများ ရှင်သန်ဖို့ရာ ခက်ခဲသည်မဟုတ်ပါလား။ ထို့ကြောင့် ယခုအလုပ်ရုံဆွေးနွေးပွဲသည် လူသားတို့သက်ရှိကမ္ဘာအတွက် အရေးကြီးသည်။

အသက် ၇၅ နှစ်ရှိပြီဖြစ်သည့် အငြိမ်းစားဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်က **"ရေအရင်းအမြစ်အသုံးချမှုစီမံခန့်ခွဲရေး"** ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းကိုဖတ်သည်။ စာတမ်းရှင်က မြေအောက်ရေစုပ်ယူရရှိရေး၊ ရေတင်စခန်းများတွင် ရေအကူတင်ပေးနိုင်ရေး၊ စွန့်ပစ်ရေဆိုးများသန့်စင်ရေးကို အကျယ်တဝင့်ဆွေးနွေးသည်။ အထူးသဖြင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ညစ်ညမ်းမှုနှင့်အဆိပ်အတောက်များ တိုင်းတာတွေ့ရှိမှုကို သုတေသနလေ့လာ တွေ့ရှိချက်များဖြင့် တင်ပြသည်။ စာတမ်းရှင်သည် နယ်သာလန်နိုင်ငံ ဒပ်ဖ်တက္ကသိုလ်မှ ရေသန့်အင်ဂျင်နီယာပညာဆည်းပူးတတ်မြောက်လာသူပညာရှင်ဖြစ်သည်။ အသက်အရွယ်ကြီးရင့်သော်လည်း နုပျိုဆဲ၊ အသံဩဇာကောင်းဆဲ၊ တပည့်များအပေါ် ကြင်နာစွာ ပညာမျှဝေပေးဆဲပင်။

ဦးစိုးမြင့်နည်းတူ အသက် ၇၇ နှစ်ရှိ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမောင်ကလည်း **"စက်ရေတွင်း၏ရေထွက်နှုန်းဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခြင်း"** ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းဖတ်သည်။ စက်ရေတွင်းဖွံ့ဖြိုးတိုးတက်စေနိုင်သည့် ဆေးကြောနည်းစနစ်များကို ဘဝတစ်လျှောက် ဖြတ်သန်းလာခဲ့သည့်လုပ်ငန်းအတွေ့အကြုံများနှင့်ယှဉ်၍ ဆွေးနွေးသည်။ စာတမ်းရှင်သည် ဩစတြေးလျနိုင်ငံတွင် တွင်းတူးပညာသင်ယူခဲ့သည့်အပြင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ တရုတ်နိုင်ငံများမှ နိုင်ငံတကာရေသယံဇာတအတွေ့အကြုံများလည်း ကြွယ်ဝသူဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရေနှင့်သန့်ရှင်းရေးအကြံပေးပုဂ္ဂိုလ် ဦးခင်မောင်ရီကလည်း **"သန့်ရှင်းသောလက် ဆေးတစ်ခွက် တစ်သက်ပျော်ရွှင်ပါစေ"** ဟု နိဒါန်းချီလျက် စွန့်ပစ်ရေဆိုးသန့်စင်ရေးလုပ်ငန်းများကို ဆွေးနွေးသွားသည်။ သုတေသနစာတမ်းရှင်သည်လည်း ဦးစိုးမြင့်နည်းတူ နယ်သာလန်နိုင်ငံ ဒပ်ဖ်တက္ကသိုလ်မှ ရေသန့်အင်ဂျင်နီယာ မဟာသိပ္ပံဘွဲ့ရရှိခဲ့သူ။ ယခုလည်း အမျိုးသားအဆင့်ရေနှင့်သန့်ရှင်းရေးအကြံပေး ပုဂ္ဂိုလ်ဖြစ်သည်။ စာတမ်းရှင်က သချိုင်းတံခါးကို ဖွင့်တာ ပိတ်တာ "လက်"။ သန့်ရှင်းသောလက် တစ်သက်ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားချင်ရင် လက်ကို အစဉ်သန့်ရှင်းပါ။ ရေဆိုးဆိုတာ ဘေးဥပဒ်အန္တရာယ် အရှိဆုံးပါဟု ဆိုသည်။

သုတေသနစာတမ်းရှင်အသီးသီးက သုတေသနစာတမ်းများ ဖတ်ကြားပြီးနောက် တက်ရောက်လာကြသည့် ပညာရှင်များက သိလိုသည်များကို မေးမြန်းကြသည်။ ၁၉၃၀ ပြည့်နှစ် မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေ (1930 Under Ground Water Act) ကိုလည်း စိတ်ဝင်တစားဆွေးနွေးကြသည်။ တရားဥပဒေစိုးမိုးရေးသည်လည်း ကျန်းမာရေးနှင့်ညီညွတ်သောရေ သောက်သုံးရေးတွင် အခရာကျပါသည်။

စာတမ်းဖတ်ပွဲအပြီးတွင် ဇလဘူမိဗေဒအဖွဲ့၊ တွင်းတူး၊ တွင်းတူးစက်နှင့်အင်ဂျင်နီယာအဖွဲ့၊ ရေအရည်အသွေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးအဖွဲ့၊ ဘူမိရူပဗေဒ၊ စူးစမ်းလေ့လာရေးနှင့် မြေအောက်ရေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ အစုအဖွဲ့လေးဖွဲ့ဖွဲ့၍ စားပွဲဝိုင်းဆွေးနွေးကြသည်။ ဆွေးနွေးပြီးနောက် ပထမဦးစားပေး၊ ဒုတိယဦးစားပေးနှင့် တတိယဦးစားပေးဟူ၍ အဆင့်သုံးဆင့်ခွဲ၍ လုပ်ကိုင်ရန် အတည်ပြုကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြေအောက်ရေသယံဇာတထုတ်ယူသုံးစွဲရေးနှင့် ရေသန့်စင်ရေးဆိုင်ရာ သုတေသနစာတမ်း ၁၉ စောင်ဖတ်ကြားတင်သွင်းခဲ့ပြီး အစုအဖွဲ့လေးဖွဲ့ဖွဲ့စည်း၍ စားပွဲဝိုင်းထိုင်ဆွေးနွေးနိုင်ခဲ့သော်လည်း ပညာရပ်နယ်ပယ်အသီးသီးသည် ကျယ်ဝန်းပြီးနက်ရှိုင်းလှသောကြောင့် တစ်ထိုင်တည်းဖြင့် လုပ်ကိုင်နိုင်ကြမည် မဟုတ်ပါ။ ရေရှည်သုတေသနပြုရမည်ဖြစ်ပြီး သုတေသနရလဒ်များကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ သုံးစွဲသွားကြရမည် ဖြစ်ပါသည်။ သို့မှသာ မြေအောက် ရေသယံဇာတများ စဉ်ဆက်မပြတ် ပြည့်ဖြိုးမြဲပြန်လည်ပြည့်ဖြိုးနေမည်ဖြစ်ပြီး မျိုးဆက်သစ်တို့အတွက် ရေအာမခံချက်နှင့် ကျန်းမာရေးနှင့် ညီညွတ်သောရေကို လက်ဆင့်ကမ်း ပေးနိုင်ပါလိမ့်မည်။

နိုင်ငံတော်သစ်ထူထောင်လုပ်ကိုင်ရာတွင် တိုင်းသူပြည်သားတိုင်း ကျန်းမာရန်လိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော သောက်သုံးရေစံနှုန်းများ၊ မြန်မာပြည် ရေအရည်အသွေးကော်မတီမှ အဆိုပြုထားသောစံနှုန်းများ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အမေရိကန်ပြည်ထောင်စုစိုက်ပျိုးရေးဌာနမှ စံနှုန်းများနှင့်ညီညွတ်သော သောက်သုံးရေစိုက်ပျိုးရေကို ရရှိသုံးစွဲနိုင်ပါမှ ကျန်းမာပါလိမ့်မည်။

မည်သို့ပင်ဆိုစေ ၂၆.၃.၁၆ နှင့် ၂၇.၃.၁၆ ရက်က နေပြည်တော် ထိပ်တန်းဟိုတယ်ကြီးတွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပနိုင်သော မြေအောက်ရေသယံဇာတသုတေသန စာတမ်းဖတ်ပွဲဖြစ်ပြီး၊ မြေအောက်ရေ သုတေသနလုပ်ငန်းများ၊ စွန့်ပစ်ရေဆိုး သန့်စင်ရေး၊ သုတေသနလုပ်ငန်းများ နိုးထလာမည့် ရောင်ခြည်ဦးဖြစ်ပါကြောင်း။



ဘုန်းတင်လှိုင်

# တောင်နဝင်းတစ်ခွင်မှ ကြည်နူးမှုပုံရိပ်သွင်များ

**ကန်ရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသော လေနုအေးကြောင့် အပူဒဏ်ကို သိပ်မခံစားရပါ။ တောင်နဝင်းဆည်ရေပြင်သည် ကြည်လဲ့စိမ်းမြနေပါသည်။ ရေလှိုင်းကြက်ခွပ်ကလေးများ ကမ်းစပ်သို့ တိုးဝင်တွေ့ထိကစားနေသည်မှာ ရင်ထဲသို့ တိုးဝှေ့လာသကဲ့သို့ ခံစားမိပါသည်။ ခပ်လှမ်းလှမ်းတစ်နေရာဆီမှ ဥဩဖိုမတွန်ကျူးနေသည့် "ဥဩ---ဥဩ"အသံကြောင့် ဘယ်ကိုလွမ်းရမှန်း မသိသည့်ဝေဒနာတစ်ရပ် ခံစားလိုက်ရသည်။ ငယ်စဉ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုချိန် ဥဩတွန်သံတွေကြားတုန်းကလည်း ဤဝေဒနာမျိုး ခံစားခဲ့ရဖူးသည်။ မှိုင်းညို့ညို့တောင်တန်းများနောက်ခံ ရေပြင်လေအလျင်တို့ ပေါင်းစပ်ကာ ပန်းရလှသည့် တောင်နဝင်းဆည်ကြီး၏မြင်ကွင်းကိုငေးမောရင်း ကြည်နူးနေမိသည်။**

တောင်နဝင်းရေလှောင်တမံသည် နိုင်ငံတော်အစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့၏ သဘောတူညီချက်ဖြင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)က ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီမှ ၁၉၇၉ ခုနှစ် စက်တင်ဘာအတွင်း ဧရာဝတီမြစ်ဝကျွန်းပေါ် အထက်ပိုင်းဒေသတွင် ဘက်စုံစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကစီမံချက် (Master Plan) တစ်ရပ်ရေးဆွဲကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ စူးစမ်းလေ့လာမှုများကို ပြုလုပ်သည်မှ အပြီးသတ်ဒီဇိုင်းပုံစံရေးဆွဲနိုင်ရေးအတွက် အတိုင်ပင်ခံအဖွဲ့အား ငှားရမ်းခကုန်ကျစရိတ်ကို ၉.၁.၁၉၈၁ ရက်တွင် ဂျပန်နိုင်ငံအစိုးရထံမှ ချေးငွေရယူရေးသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ စန်းယုအတိုင်ပင်ခံအဖွဲ့ (SANYU Consultants INC) နှင့် ချိုကိုင်ဟာစု အတိုင်ပင်ခံအဖွဲ့ (CHOKA IHATSU Corporation) တို့ ပူးပေါင်းထားသည့် အတိုင်ပင်ခံအဖွဲ့ကို ရွေးချယ်ငှားရမ်းကာ အပြီးသတ်ဒီဇိုင်းပုံစံကို ၁၉၈၄ ခုနှစ် ဧပြီလတွင် အပြီးထုတ်နိုင်ခဲ့သည်။

စီမံကိန်းအတွက် ခန့်မှန်းကုန်ကျငွေများအနက် လိုအပ်သော နိုင်ငံခြားငွေကို ဂျပန်နိုင်ငံပင်လယ်ရပ်ခြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအဖွဲ့ (Oversea Economic Cooperation Fund - O.E.C.F) ထံမှ ၂၁.၅.၁၉၈၅ ရက်တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုရရှိခဲ့သည်။

ထို့နောက် တောင်နဝင်းရေလှောင်တမံနှင့် ရေထိန်းတမံတို့ကို ၁၉၈၅-၈၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ရေထိန်းတမံကို ၂၆.၃.၁၉၉၄ ရက်တွင် လည်းကောင်း၊ ရေလှောင်တမံကို ၂၈.၄.၁၉၉၅ ရက်တွင်လည်းကောင်း ပြီးစီးဖွင့်လှစ်နိုင်ခဲ့သဖြင့် ဆည်ရေသောက်ဧရိယာများသို့ ၁၉၉၆ ခုနှစ်တွင် စတင်ဆည်ရေပေးဝေနိုင်ခဲ့သည်။ တောင်နဝင်းရေလှောင်တမံကို ပြည်မြို့နယ် ပေါက်ခေါင်းမြို့နယ်နှင့် သဲကုန်းမြို့နယ်တို့အတွင်းရှိ လယ်မြေဧရိယာ ၆၂၅၀၀ ဧကအား မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံသုံးသီးစား၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တောင်နဝင်းရေလှောင်တမံသည် ပေါက်ခေါင်းမြို့နယ်၊ ရပ်သစ်ကျေးရွာအနီး နဝင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး မြေသားတမံအမျိုးအစား ဖြစ်သည်။ ရေလှောင်ပမာဏ ၂၈၇၀၀၀ ဧကပေ ရေသိုလှောင်ထားနိုင်သည်။ ရေထိန်းတမံကို ပေါက်ခေါင်းမြို့နယ် ချောင်းခွကြီးကျေးရွာအနီး တောင်နဝင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ ရေလှောင်ပမာဏ ၂၁၀၀၀ ဧကပေဖြစ်သည်။

ဆည်ရေသောက်စနစ်အတွက် တူးမြောင်းမကြီး ၃၂ မိုင်၊ လက်တံမြောင်း ၁၀၉ မိုင်ကျော်နှင့် တူးမြောင်းအဆောက်အဦ ၁၄၃၃ ခုတို့ပါဝင်သည်။ တူးမြောင်းများနှင့် အဆောက်အဦတို့၏ သက်တမ်းမှာ နှစ်ပေါင်း ၂၀ ကျော်လာပြီဖြစ်၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ဦးစားပေးဆောင်ရွက်ခဲ့သော်လည်း ဆင်ပါးစပ်နှမ်းပက်သကဲ့သို့ ထိရောက်မှုမရှိခဲ့ပေ။ နှစ်စဉ် မိုးစပါးနှင့် နွေစပါးတို့အတွက် တစ်နှစ်ပတ်လုံးနီးပါး ဆည်ရေပေးဝေနေရသဖြင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ထိရောက်စွာ မဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

တူးမြောင်းများနှင့် အဆောက်အဦတို့သည် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ တူးမြောင်းများအတွင်း သဲနုန်းပို့ချမှုများ၊ ရေမှော်နှင့်သစ်ပင်ငယ်များ ပေါက်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည်။ သဲဆန်သောမြေသားအများစုပေါ် ဖောက်လုပ်ထားရသောနေရာများတွင် တူးမြောင်းပေါင်နိမ့်ကျပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ တူးမြောင်းအောက်ခြေနှင့်အတွင်းနံရံတစ်လျှောက် ရေစိမ့်ပြီး ဆုံးရှုံးမှုမဖြစ်စေရန်အတွက် ကာကွယ်ထားသောကွန်ကရစ်နှင့်အုတ်စီထားခြင်းများလည်း ပျက်စီးလာကာ တူးမြောင်း၏ မူလပုံစံဒီဇိုင်းမရှိတော့ပေ။ ထို့ကြောင့် ဆည်ရေပမာဏအပြည့်အဝလက်မခံနိုင်တော့ဘဲ အပြည့်အဝမပေးဝေနိုင်တော့သည်ကိုလည်း တွေ့မြင်လာရသည်။ ဆည်ရေသောက်ဧရိယာအတွင်းရှိ ရေနုတ်မြောင်းများမှာလည်း တဖြည်းဖြည်းတိမ်ကောပျက်စီးလာသဖြင့် မိုးရေကြီးသည့်အခါများတွင် အချိန်မီထုတ်နုတ်နိုင်မှုမရှိခြင်းတို့ကြောင့် ရေကြီးနစ်မြုပ်ဒဏ်ကိုလည်း ခံစားနေရသည်။



ထို့ကြောင့် တောင်နဝင်းဆည်ရေသောက်စနစ်အတွင်း တိမ်ကောပျက်စီးယိုယွင်းနေမှုများကို ခေတ်မီအဆင့်မြင့်တင်ပြန်လည်ပြုပြင်ရန် အထူးလိုအပ်လျက်ရှိရာ ထိုသို့ ဆောင်ရွက်နိုင်ရန် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ O.D.A (Official Development Assistance, Loan) ချေးငွေအကူအညီဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ လေးနှစ်၊ အပိုင်းလေးပိုင်းခွဲ ဆောင်ရွက်မည်ဟု သိရသည်။

လုပ်ငန်းတစ်ခုလုံး သတ်မှတ်ကာလတွင် ရာနှုန်းပြည့်ပြီးစီးသွားပါက နှစ်စဉ်နွေစပါးစိုက်ပျိုးမှု ၂၀၃၁၁ ဧက စိုက်ပျိုးနိုင်ရာမှ ၃၈၁၆၅ ဧကအထိ တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ၁၇၈၅၄ ဧကပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်သည်။

တောင်နဝင်းဆည်ရေသောက်စနစ်တစ်ခုလုံး ချေးငွေဖြင့် ခေတ်မီအဆင့်မြင့်တင်၍ ပြန်လည်ပြုပြင်နေချိန်အတွင်း လယ်ကြားရေပေးမြောင်းများ ပြုပြင်ကာ လယ်မြေများ ကွက်ဆင့်သောက်စနစ်မှ တိုက်ရိုက်ရေသောက်နိုင်ရန်နှင့် တိုက်ရိုက်ရေထုတ်နိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထွက်ရှိလာသောသီးနှံများကို အမြန်ဆုံးသယ်ထုတ်နိုင်ရန်အတွက် ကုန်ထုတ်လမ်းများပါရှိသော ခေတ်မီစံပြစက်မှုလယ်ယာစနစ်ကိုလည်း တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထို့ပြင် ဆည်ရေ အလေအလွင့်မရှိစေရန် ဆည်ရေအသုံးချရေးအဖွဲ့ (Water User Group) အဖွဲ့တို့ဖြင့်လည်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

တောင်နဝင်းဆည်ရေသောက်စနစ် ပြုပြင်ပေးနေမှုနှင့်ပတ်သက်၍ ဖောင်ကြီးပွင့်ကျေးရွာ၊ ကုန်းတန်းကျေးရွာများ၊ ကြို့တောကျေးရွာတို့မှ တောင်သူဦးကြီးများက ကျေနပ်ဝမ်းသာနေကြသည်။

တောင်နဝင်းဆည်ရေသောက်စနစ် ခေတ်မီအဆင့်မြှင့်တင် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မိုးစပါး၊ နွေစပါးနှင့်ဆောင်းသီးနှံတို့ သီးထပ်သီးညှပ်သုံးသီးစား ပြန်လည်စိုက်ပျိုးထုတ်လုပ်ပေးနိုင်တော့မည် ဖြစ်၍ တောင်သူလယ်သမားများ ဝင်ငွေတိုးကာ စီးပွားရေးအဆင်ပြေလာကြမည်။ သောက်သုံးရေအမြဲတမ်းရရှိမည်ဖြစ်သဖြင့် ကျန်းမာရေး အဆင့်အတန်း ပိုမိုကောင်းမွန်လာမည်။ ဆည်တာပေါင်များကိုအသုံးပြုကာ ရာသီမရွေးသွားလာနိုင်မည်ဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး လျင်မြန်ချောမွေ့လာပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်ကုန်သွယ်မှုဆိုင်ရာတို့ ပိုမိုတိုးတက်လာမည်သာမက ရေချိုငါးပုစွန်များနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။

ပြည်သူလူထုနှင့် တောင်သူလယ်သမားတို့၏ အကျိုးအတွက် အသေးစား၊ အလတ်စား၊ အကြီးစားဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ပေးနေသည့်အပြင် ဆည်ရေသောက်စနစ်များ ခေတ်မီအဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူလယ်သမားတို့၏ ရင်ဝယ် ကြည်နူးရိပ်များ ဧကန်ပေါ်ထွန်းလာမည်ဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တောင်သူလယ်သမားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဧပြီ ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၁၀ နာရီက အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဘမျိုးသိန်းနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌တွေ့ဆုံပြီး တောင်သူလယ်သမားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ယင်းလုပ်ငန်းများကို အစိုးရဌာနများ၊ NGO အဖွဲ့အစည်းများ၊ ပညာရှင်များနှင့်ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် ။



ယနေ့မွန်းလွဲ ၃ နာရီက ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့်မြေသြဇာ ဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသတိုးဟိန်းဦးဆောင်သောအဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံပြီး ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချရာတွင် အရည်အသွေး စိစစ်ကြပ်မတ်ခြင်းနှင့် စားသုံးမှုအရည်အသွေး၊ အထွက်နှုန်းနှင့် ဈေးကွက်သေချာသော မျိုးစေ့လုပ်ငန်းများ ပေါ်ထွန်းလာရေး၊ သီးနှံအာမခံစနစ် ပေါ်ပေါက်လာရေးတို့ကို အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကြမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**MOALI ပြန်ကြားရေး**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသတိုးဟိန်းဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကော့မှူးမြို့နယ် လယ်ယာကဏ္ဍ အခြေခံ ဒေသဘက်စုံဖွံ့ဖြိုးရေး စတင်အကောင်အထည်ဖော်မည့် စီမံကိန်းနယ်မြေ စစ်ဆေး

နေပြည်တော် ဧပြီ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးဟံထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးဇော်မင်းအောင်နှင့် ဒေါ်သန္တာအေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကော့မှူးမြို့နယ်အတွင်း လယ်ယာကဏ္ဍ အခြေခံသော ဒေသဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မည့်နေရာသို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန ရန်ကုန်တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးမင်းဆွေက ဘက်စုံစိုက်ပျိုးမွေးမြူရေးအတွက် မြေနေရာရွေးချယ်ထားမှုနှင့် စတင်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းအောင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းနယ်မြေဧရိယာအတွင်း ပါဝင်လုပ်ကိုင်ကြမည့် ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ယခုအကောင်အထည်ဖော် ဆောင်ရွက်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအခြေခံသော ဒေသနေပြည်သူများ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းသည် ရှေ့ပြေးစံနမူနာပြဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရေမြေရာသီဥတုနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ကြိုးစားမှုများအပေါ် အခြေခံ၍ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ အဆင့်မြင့်စက်မှုလယ်ယာမြေစနစ် ဖော်ထုတ်ဆောင်ရွက်ရမည်ဖြစ်ရာ မြေကြီး မြေပုံအပြောင်းအလဲဖြစ်နိုင်သော်လည်း မူလပိုင်ဆိုင်မှုကို မထိခိုက်စေဘဲ ရေသွင်းမြောင်း ရေထုတ်မြောင်း ကုန်ထုတ်လမ်းများ စနစ်တကျပေါ်ပေါက်လာမည်ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် စိတ်တူကိုယ်တူဖြင့် စည်းစည်းလုံးလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ဆွေးနွေးမှာကြားရာ ဒေသခံတောင်သူများက ယခုကဲ့သို့ တောင်သူတစ်ဦးချင်းအကျိုး၊ ဒေသအကျိုးအတွက် နိုင်ငံတော်အစိုးရက စေတနာ မေတ္တာအပြည့်အဝဖြင့် ဆောင်ရွက်ပေးမှုအပေါ် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်း ပူးပေါင်းပါဝင်ကြိုးစားလုပ်ကိုင်ကြမည်ဖြစ်ပါကြောင်း ဝမ်းမြောက်ဝမ်းသာ ဆွေးနွေးကြသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ကော့မှူးမြို့နယ် လူထုဗဟိုပြု စီမံကိန်းရုံးသို့ရောက်ရှိကြရာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို စီမံကိန်းတာဝန်ခံက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်းပေးသည်။

**MOALI ပြန်ကြားရေး**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စီမံကိန်းနယ်မြေအတွင်း ပါဝင်လုပ်ကိုင်ကြမည့် ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ် ။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့် တွေ့ဆုံ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အခြေခံသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ကြရေး ဆွေးနွေး



နေပြည်တော် မေ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။ (ပုံ)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများ၊ နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက်အပါအဝင် ရှေ့ဆက်ဆောင်ရွက်မည့်စီမံကိန်း၊ စီမံချက်လုပ်ငန်းဆိုင်ရာများကို အသေးစိတ်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဆွေးနွေးသည်။ (အောက်ဝဲ)

၎င်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသက်နိုင်ဦးတို့နှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများနှင့်တွေ့ဆုံပြီး လယ်ယာကဏ္ဍ စီမံခန့်ခွဲရေးဆိုင်ရာများ၊ ရှေ့ဆက်ဆောင်ရွက်သွားရမည့်လုပ်ငန်းအစီအမံများကို အသေးစိတ် ဆွေးနွေး မှာကြားသည်။

(အောက်ယာ)

ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး မှာကြားရာတွင်

နိုင်ငံတော်၏ရက် ၁၀၀ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လုပ်ငန်းကဏ္ဍများအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊

ဒီမိုကရေစီနိုင်ငံထူထောင်နေချိန် ဖြစ်ပြီး ပွင့်လင်းမြင်သာသော ခေတ်တစ်ခေတ်ထူထောင်ရန် ကြိုးစားနေသည့် အချိန်ကာလဖြစ်သည့်အတွက် မိမိတို့အောက်ခြေဝန်ထမ်းများအဆင့်အထိ မသမာမှုများမပေါ်ပေါက်စေရေးကို ဌာနဆိုင်ရာတာဝန်ရှိသူများအဆင့်ဆင့်မှ အထူးဂရုပြုကြပ်မတ်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

ခေတ်သစ်စနစ်သစ်ပြောင်းလဲဆောင်ရွက်ကြရသဖြင့် အားလုံး ပင်ပင်ပန်းပန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း။ မြိုးခြိုရောင့်ရဲပြီး ကြိုးစားအားထုတ်ကြပါက နိုင်ငံ၏စီးပွားရေး တောင့်တင်းခိုင်မာလာသည်နှင့်အမျှ စရိတ်လစာများ တိုးတက်ခံစားကြရမည်ဖြစ်ရာ မိမိတို့ကြိုးစားအားထုတ်မှုနှင့် ထိုက်တန်သော သန့်ရှင်းသည့် အကျိုးရလဒ်များ အသေအချာခံစားကြရမည်ဖြစ်ပါကြောင်း။

အခက်အခဲများနှင့် အကြံပြုချက်များတင်ပြရန်ရှိပါက အခြားရုံးလုပ်ငန်းများကဲ့သို့ အဆင့်ဆင့်တင်ပြခြင်းမျိုးမဟုတ်ဘဲ ပြည်ထောင်စုဝန်ကြီးထံသို့ တိုက်ရိုက်တင်ပြအကြံပြုနိုင်ပါကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှာကြားသည်။

**MOALI ပြန်ကြားရေး**





# စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဦးစီးဌာနနှင့်လုပ်ငန်းဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကျရာအခန်းကဏ္ဍများမှ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေး

နေပြည်တော် မေ ၃

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၂ ရက်နှင့် ၃ရက်များတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ကျရာအခန်းကဏ္ဍများမှ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးအမှာစကားပြောကြားသည်။** (ပုံ)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၂ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ မေ ၃ ရက်တွင် စီမံကိန်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း ဌာနတစ်ခုချင်းအလိုက် သီးခြားစီတွေ့ဆုံ ဆွေးနွေးရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှာကြားရာတွင်

သုတေသနလုပ်ငန်းများ ပိုမိုအဆင့်မြှင့်တင်နိုင်ရေးအတွက် ထိရောက်သော စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ကြရန်နှင့် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ ကျယ်ပြန့်စွာ ပေါ်ထွန်းလာရေး၊ မိမိဌာနနှင့် နိုင်ငံတော်အတွက် အကျိုးရှိစေမည့်နည်းပညာများနှင့် သုတေသနလုပ်ငန်းများဆိုင်ရာ အကြံဉာဏ်နှင့် နည်းလမ်းကောင်းများ တီထွင်ကြံဆဆောင်ရွက်ပေးကြရေး။

ဌာနဆိုင်ရာအကြီးအကဲများအနေဖြင့် မိမိတို့ကျွမ်းကျင်တတ်မြောက်ပြီးဖြစ်သော အသိပညာ၊ အတတ်ပညာများနှင့် အတွေ့အကြုံများကို ပေါင်းစပ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြိုးပမ်းကြစေလိုကြောင်း။

စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်သော ဝန်ထမ်းသက်သာချောင်ချိရေးနှင့် ဝန်ထမ်းသက်သာခွင့်များ ခံစားနိုင်စေရေး စီမံဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။ **MOALI ပြန်ကြားရေး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ International Fund for Agricultural Development (IFAD) နှင့် မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ရေး ဒုတိယအကြိမ် ဆွေးနွေး



နေပြည်တော် မေ ၈

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီက International Fund for Agricultural Development (IFAD) Ms.Hoonae Kim နှင့် Mr.Omer Zafar နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် IFAD ၏ စီမံကိန်းလုပ်ငန်းများ၊ ဘက်စုံလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ (ပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Mr.Gautam Mukhopadhaya နှင့်တွေ့ဆုံ၍ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးကြသည်။

ဋ္ဌင်းနောက် နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ရေးဆိုင်ရာ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ချမှတ်ခဲ့သောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများ သုံးသပ်ခြင်းအစည်းအဝေးကို ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ စုံညီစွာ တက်ရောက်ကြသည်။

အစီအစဉ်အရ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများက နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက်တွင် လုပ်ငန်းကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကိုလည်းကောင်း၊ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ချမှတ်ခဲ့သောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း အသီးသီး တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ မိမိတို့ပုံမှန်ဆောင်ရွက်နေကျလုပ်ငန်းများထက် ပိုမို၍ ထင်သာမြင်သာရှိရှိ အကျိုးရှိစေမည့် လုပ်ငန်းများအလိုက် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ယခုကာလ၏ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သော နွေစပါးအောင်ရေ အပြည့်အဝပေးဝေနိုင်ရေး၊ ယခုနှစ် မိုးစပါးရာသီ စိုက်စရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးနိုင်ရေးကို စိုက်ပျိုးရာသီ အချိန်မီ အချိန်ကိုက်ဒေသအလိုက် သတ်မှတ်ထုတ်ချေးနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်း စီမံဆောင်ရွက်ရေး အပါအဝင် လယ်ယာလုပ်သားရှားပါးလာမှုကို အကောင်းဆုံးဖြေရှင်းနိုင်မည့် လယ်ယာသုံးစက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးကို ဘက်စုံထောင့်စုံမှ ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် ဆွေးနွေးမှာကြားသည်။

**MOALI ပြန်ကြားရေး**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Mr. Gautam Mukhopadhaya နှင့် တွေ့ဆုံစဉ်။ (ဝဲပုံ) နိုင်ငံတော် ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ရေး ဒုတိယအကြိမ် ဆွေးနွေးပွဲနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ သုံးသပ်ဆွေးနွေးစဉ်။(ယာပုံ)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကော့မှူးမြို့နယ်တွင် လယ်ယာကဏ္ဍအခြေခံ ဒေသဘက်စုံဖွံ့ဖြိုးရေး ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေး



နေပြည်တော် မေ ၁၆

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့နံနက် ၁၀ နာရီက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဒေါ်ဥမ္မာ ဦးဆောင်သော ထိုင်ဝမ် MAA Engineering Consultants International.,Ltd.နှင့် Civil Engineering Technology Research and Development Foundation တို့မှ ပညာရှင်များအား ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ (ပုံ)**

တွေ့ဆုံပွဲတွင် ကော့မှူးမြို့နယ်အတွင်း လယ်ယာကဏ္ဍအခြေခံသော ဒေသဘက်စုံဖွံ့ဖြိုးရေး၊ ဓာတုကင်းလွတ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ယင်းနည်းစနစ်များကို နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် တိုးတက်စိုက်ပျိုးလုပ်ကိုင်ကြခြင်းဖြင့် မိမိတို့ နိုင်ငံသူနိုင်ငံသားများ စားသုံးမှုဘေးအန္တရာယ်ကင်းပြီး အာဟာရ ပြည့်ဝဖူလုံစွာ စားသုံးနိုင်ရေးကို ဦးစားပေးအကောင်အထည်ဖော်မည့်ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စုံညီစွာ တက်ရောက်ဆွေးနွေးသည်။

**MOALI ပြန်ကြားရေး**

# သင့်အတွက်ကံကြမ္မာ

## စိုးဝင်းထက်

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

**(၄–၅–၂၀၁၆) မှ (၁၇–၅–၂၀၁၆) ထိ**

### တနင်္ဂနွေ



စီးပွားရေးပညာရှင်များနှင့် ပူးပေါင်းလုပ်ဆောင်ရမည်။ ခရီးထွက်လျှင် ကျန်းမာရေးညံ့တတ်သည်။ စကားကောင်း၊ စကားဆိုးပြောဆိုနေရမည်။ ငွေကြေးသင့်တင့်မှုရှိသည်။ အချစ်သစ်၊ အိမ်ထောင်သစ်တွေ့နိုင်သည်။ ပညာရေး၊ သားသမီးကိစ္စ အဆင်ပြေမည်။ ခြေထောက်ကို ထိခိုက်တတ်သည်။

**ယတြာ။ ။ ပဲပုပ်ကြော် ဒါနပြုလိုက်ပါ။**

### တနင်္လာ



မိသားစု၊ အိမ်တွင်းရေးပျော်ရွှင်စရာများနှင့် ကြုံတွေ့မည်။ မျက်နှာပွင့်လန်းမှုရှိလာမည်။ ငွေများများသုံးစွဲခွင့်ရှိမည်။ မြေ၊ အိမ်၊ ခြံရောင်းမှားဝယ်မှားဖြစ်တတ်သည်။ ယာဉ်၊ ကားထိခိုက်မှုရှိတတ်သည်။ စိုက်ပျိုးရေးမှန်သမျှ အဆင်ပြေသည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ ကြွေပန်းကန် လက်ဆောင်ပေးလိုက်ပါ။**

### အင်္ဂါ



လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်သင့်သည့် အချိန်ဖြစ်သည်။ မရှင်းမလင်းကိစ္စများ အပြီးအပြတ် ရှင်းလင်းသွားမည်။ ရပ်ဝေးမှ ငွေကြေးနှင့်လက်ဆောင်ကောင်းများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးအောင်ပြုမည့်သူများ ပေါ်လာမည်။ စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်း ရောင်းချခြင်းဖြင့် အမြတ်ရမည်။ ကျန်းမာရေး အလွန်ညံ့နေသည်။

**ယတြာ။ ။ ဆီးယို ဒါနပြုလိုက်ပါ။**

### ဗုဒ္ဓဟူး



တစ်နေရာမှတစ်နေရာသို့ ပြောင်းလဲလုပ်ကိုင်နေထိုင်ရမည်။ အစီအစဉ်မရှိသောခရီးများ ထွက်ရမည်။ ငွေရသလောက်ကုန်နေမည်။ ရှေ့လုပ်ငန်းစဉ်များ စမ်းတဝါးဝါးဖြစ်နေမည်။ အချစ်ရေးခံစားမှု ပြင်းထန်မည်။ ဝန်ထမ်းများရာထူးတိုးပြီး ပြောင်းရွှေ့ရမည်။ ကျန်းမာရေးကောင်းသော်လည်း စိတ်သောကဖြစ်နေရမည်။

**ယတြာ။ ။ နှင်းဆီပန်း လှူပေးပါ။**

### ကြာသပတေး



ချမ်းသာသည့်သူများက ငွေကြေးနှင့်အလုပ်ကူညီလိမ့်မည်။ နည်းပညာများကို ရင်းနှီးပြီး လုပ်ကိုင်ရသည့်လုပ်ငန်းများ အဆင်ပြေမည်။ အလုပ်မရှိသူများ ဝန်ထမ်းအလုပ်ရမည်။ ငွေတစ်စု၊ တစ်စုဝင်လာမည်။ အချစ်ရေး၊အိမ်ထောင်ရေး အဆင်မပြေပါ။ မြောက်ဘက်အရပ်သို့ စီးပွားရေးအရ ခရီးသွားရမည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ စာအုပ်၊ စာတမ်း လှူပေးပါ။**

### သောကြာ



ခရီးကောင်းများသွားရပြီး အစားကောင်းများစားရမည်။ မိတ်ဆွေသစ်များ၏ ကူညီပံ့ပိုးမှုအပြည့်အဝရမည်။ လူအများနှင့်ပတ်သက်သည့်လုပ်ငန်းမှန်သမျှ အဆင်ပြေမည်။ အိမ်အလှဆင်လုပ်ငန်း၊ ပန်းအလှစိုက်ပျိုးသူများ အဆင်ပြေမည်။ ငွေများများကုန်သွားတတ်သည်။ မျက်စိ၊ မျက်နှာ၊ ပါးစပ်ဂရုစိုက်ပေးပါ။

**ယတြာ။ ။ မုန့်အနီ ဒါနပြုလိုက်ပါ။**

### စနေ



ဘယ်သွားသွား၊ ဘာလုပ်လုပ် အဆင်ပြေမည်။ မိမိကိုယ်တိုင် ပါဝင်လုပ်ကိုင်မှ ပိုမိုအဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အလွန်စန်းပွင့်နေသည်။ ပြိုင်ဘက်များနှင့် ရန်ဖြစ်ရတတ်သည်။ မနီးမဝေးခရီးများများသွားပေးပါ။ နှစ်ရှည်ပင်၊ အသီးများအဆင်ပြေမည်။ မြေဟောင်း၊ အိမ်ဟောင်းရောင်းရမှုများမှ ငွေရမည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ ထီး လက်ဆောင်ပေးလိုက်ပါ။**

---

အတွေးနှင့် ရသ

# တတိယနေရာထိုင်ခြင်း

ဟောင်မြင့်အောင်

**သူက ဘာသာတရားကို ကိုးကွယ်ကိုင်းရှိုင်းသူဖြစ်သည်။ သူ့အလုပ်မှ သက်ပြည့်ပင်စင်မယူခင်က သူတာဝန်ယူရသောနေရာမှာ အများမက်မောကြသည့်နေရာဖြစ်သည်။ သူ၏ကိုယ်ကျင့်တရားကို အနည်းငယ် အလျှော့အတင်းလုပ်လိုက်သည်နှင့် ဘဝတစ်ခုလုံး ပြောင်းလဲသွားနိုင်သော်လည်း သူက သူ၏ကိုယ်ကျင့်တရားကို ပါကင်မဖွင့်ခဲ့ပေ။**

ထို့ကြောင့် အိမ်ရှင်မနှင့်သားသမီးသုံးယောက်က သူ့အပေါ်မကျေနပ်ကြသော်လည်း သူက Character is Power ဆိုသောစကားကို နှလုံးသားမှာ တက်တူးထိုးထားခဲ့သည်။ ရသည့်လစာလေးကို စနစ်တကျသုံးစွဲရင်း ဘာသာတရား၏အဆုံးအမကို လိုက်နာခဲ့သည်။

ထို့အတူ ရိုးသားသူတို့၏ ပုံသေနည်းအတိုင်း နွမ်းပါးသူဖြစ်သဖြင့် အလှူအတန်းကြီးကြီးမားမား မလုပ်နိုင်သော်လည်း ဝါဆိုလပြည့်နေ့တိုင်း သူ့ချွေးနဲ့စာလေးနှင့် ဝါဆိုသင်္ကန်းကပ်ခြင်း၊ နေ့စဉ်သံဃာတော်တစ်ပါးအား အိမ်မှာဆွမ်းလောင်းခြင်း အလုပ်လေးကို တစ်ရက်မျှ မပျက်ခဲ့ပေ။ အိမ်ရှင်မနှင့်သမီးကိုလည်း ဆွမ်းဟင်းကန်တော့ဆွမ်းပါဘုရားဟု မပြောမိအောင် သတိပေးထားရသည်။ အဘယ်ကြောင့်ဆိုသော် မည်သူမျှ ထမင်းချည်းမစားနိုင်သောကြောင့်ဖြစ်သည်။

ယခုအခါ ကမ္ဘာကြီးက ပြောင်းလဲလာသလို သူတို့မိသားစုဘဝလေးလည်း လှုပ်လှုပ်ခတ်ခတ်ဖြစ်လာခဲ့သည်။ အဖြစ်အပျက်က မဆန်းပေ။ ညီမကတောင်းဆိုလာသောကြောင့် နှစ်ပေါင်းများစွာနေခဲ့သော မိဘပိုင်မြေနှင့်အိမ်ကို လက်ရှိပေါက်စျေးနှင့်ရောင်းကာ အညီအမျှ ခွဲဝေယူလိုက်ခြင်းဖြင့် သူတို့၏သန်းခေါင်စာရင်းလေးက နေရာထိုင်ခင်းပြောင်းလဲခဲ့ရသည်။

ထို့ကြောင့် အခန်းလေးတစ်ခန်းယာယီငှားနေရင်း အတည်တကျနေရန် သူကိုယ်တိုင် အခန်းတစ်ခန်းကို ရှာရသလို ကုမ္ပဏီမှာလုပ်နေသောသားကိုလည်း စုံစမ်းခိုင်းထားရသည်။ တစ်ရက်တွင် သားက အလုပ်ကပြန်လာပြီး သူ့ကိုပြောလိုက်၏။

“အဖေလည်း သက်ပြည့်ပင်စင်ယူပြီးပြီဆိုတော့ အေးအေးလူလူနေရအောင် သားအခန်းတစ်ခန်းတွေ့လာခဲ့တယ်”

“ဟုတ်လား–ဈေးကရော အဖေတို့တတ်နိုင်ပါ့မလား”

“အဲဒါကိုပြောချင်တာအဖေရဲ့၊ လက်ရှိပေါက်ဈေးအတိုင်းဆိုရင်တော့ ငွေမမီဘူး၊ ဒါပေမယ့် ပိုင်ရှင်က အရေးတကြီးငွေလိုနေလို့ လျှော့ရောင်းတာ”

ထို့နောက်သားက အခန်းဖွဲ့စည်းပုံအကျယ်အဝန်း ဧည့်ခန်းအိပ်ခန်း၊ မီးဖိုချောင်တို့ကို သူ့လက်ကိုင်ဖုန်းမှ ဖွင့်ပြသည်။

“အဖေစဉ်းစားလေ၊ သုံးရက်လောက်တော့ အချိန်ရမယ်၊ ကျွန်တော့်ဆန္ဒကတော့ ယူလိုက်ချင်တယ်၊ အခန်းပိုင်ရှင်ကလည်း သူငယ်ချင်း ဈေးလည်းသက်သာတယ်၊ ကျွန်တော်မယူရင် ပွဲစားကို အပ်လိုက်တော့မယ်တဲ့”

“အေးလေ–မင်းအမေနဲ့တိုင်ပင်ပြီး ဆုံးဖြတ်ကြတာပေါ့”

သူအမျိုးမျိုးစဉ်းစားသည်။ မင်းအမေနဲ့တိုင်ပင်မည်ဟုဆိုသော်လည်း အိမ်ထောင်တစ်ခုကို စတင်တည်ထောင်ကတည်းက မိသားစုနှင့်ပတ်သက်ပြီး သူ့အဆုံးအဖြတ်ကသာ အတည်ဖြစ်ခဲ့သည်။ တတိယမြောက်နေ့တွင် သားက သူ့အဆုံးအဖြတ်ကို မေးလာခဲ့၏။

“အဖေအမျိုးမျိုးစဉ်းစားတယ်သား၊ သားပြောတဲ့အချက်အလက်တွေအရ ဖေဖေ့မိတ်ဆွေပွဲစားတစ်ယောက်ကလည်း တန်တယ်၊ ဝယ်သင့်တယ်လို့ပြောတယ်၊ ဒါပေမယ့် အဖေအကြိမ်ကြိမ်စဉ်းစားပြီး မဝယ်ဘူးလို့ ဆုံးဖြတ်လိုက်တယ်”

“ဗျာ”

သားက ပုစ္ဆာဆန်သောအကြည့်နှင့် ကြည့်သည်။ ဘာကြောင့်လဲဟု စောဒကမတက်ပေ။ ထို့နောက် သားက ဘာမှမပြောတော့ဘဲ အလုပ်သို့ထွက်သွားသည်။

မည်မျှတန်တန် မည်မျှကောင်းကောင်း ရဟန်းသံဃာတစ်ပါးပါးကို နေ့စဉ်ဆွမ်းလောင်းခွင့်မရသော ခုနစ်လွှာမြင့်သည့်တိုက်ခန်းတစ်ခန်းကို ငြင်းပယ်လိုက်ရသည့်အတွက် သူနောင်တမရမှာ သေချာနေသည်။

---

လက်လုပ်လက်စားသူတို့စကား

# မြင့်မြတ်နှလုံးသား

ရွှေ ––––––––

**ဘဝဟူသည် တိုတောင်းလှ၏။ ထိုတိုတောင်းသောဘဝသည် သာယာချမ်းမြေ့သောဘဝနှင့် ထိုက်တန်ဂုဏ်ယူဖွယ်ကောင်းသော ဘဝမျိုးသာဖြစ်သင့်သည်။ ထိုသို့သောဘဝမျိုးအတွက် မိမိတွင်မှန်ကန်ပြည့်ဝသည့် စိတ်သဘာဝရှိအောင် ပြုစုပျိုးထောင်ရမည်ဟု ကျွန်မယုံကြည်သည်။**

ထို့အတူ သူတစ်ပါးအပေါ် မေတ္တာထားတတ်ရမည်။ အလုပ်လုပ်ရန် ဝန်မလေးသော စိတ်ဓာတ်ရှိရမည်ဟု ဆိုသည့် စိတ်ပညာဆရာကြီး ဖိဂမွန်ဖရိုက်၏ ဒဿနကိုလည်း လက်ခံသူဖြစ်၏။

ထိုသို့သော စိတ်ဓာတ်ခံယူချက်ရှိသည့် လူငယ်တစ်ဦးက ကျွန်မနေထိုင်ရန်ဆောက်လုပ်နေသည့် ပန်းရန်လုပ်သားလေးတစ်ဦးအဖြစ် မြင်တွေ့လိုက်ရသည့်အခါ သူ့ဘဝအကြောင်း တစေ့တစောင်းမေးမြန်းလိုက်မိသည်။

“ကျွန်တော့် နာမည်က မောင်သန်းထွန်းဦး။ အသက်က ၂၄ နှစ်ရှိပါပြီ။ ကော့မှူးမြို့နယ် ဇလုပ်ကြီးကျေးရွာမှာ နေတာပါ။ မောင်နှမငါးယောက်ရှိပါတယ်။ အဖေက သစ်ခွဲလုပ်သားပါ။ ပန်းရန်လုပ်တာ နှစ်နှစ်ရှိပါပြီအန်တီ။ အရင်က အဖေနဲ့သစ်ခွဲအလုပ်လိုက်လုပ်တယ်။ ကြုံရာအလုပ်လုပ်တယ်။ နောက်တော့ ဦးလေးက ပန်းရန်အလုပ်လုပ်ဖို့ ခေါ်တာနဲ့ လိုက်လုပ်ဖြစ်တယ်။ အားတဲ့အချိန် စာဖတ်ဖြစ်တယ်။ စာဖတ်ရတာ စိတ်ဓာတ်ခွန်အားဖြစ်စေတယ်။ စိတ်ထားတွေလည်း မြင့်မြတ်အောင်နေတတ်လာတယ်။ ဖတ်လိုက်တဲ့စာပေကနေ မှတ်ယူပြီး လက်တွေ့မှာ သင်ခန်းစာယူပါတယ်။

ရှံ့ဗွက်ရေအိုင်မှာသာ ခြေတံရှည်အိမ်ဆောက်လို့ရတာပါအန်တီရယ်။ အဲဒီမှာ တိုက်တာအဆောက်အအုံတစ်ခုတည်ဆောက်လို့ မရနိုင်ပါဘူး။ ဆောက်ခဲ့မယ်ဆိုရင်လည်း မခိုင်ခံ့တဲ့အခြေဖြစ်တဲ့အတွက် ရေရှည်မခံဘဲ မကြာခင်မှာ ပြိုလဲပျက်စီးရမှာပါ။ ဒါကြောင့် တိုတောင်းတဲ့ဘဝတစ်ခုအတွင်းမှာ လူဖြစ်လာတဲ့ ကျွန်တော်ကတော့ ရည်မှန်းချက်ထားပြီး ဇွဲလုံ့လဝီရိယနဲ့ကိုယ့်ဘဝကိုယ်တည်ဆောက်ပြီး မိဘတွေကိုရှာကျွေးတယ်။ ဘာအလုပ်ပဲလုပ်လုပ် ကိုယ်ပိုင်ဆိုင်တဲ့အလုပ်ကို လုပ်နေတာလို့ စိတ်ထားပြီး လုပ်ပေးတဲ့



အတွက် နာမည်ရလာပြီး စိတ်ချမ်းသာရတယ်။ ပန်းရန်လုပ်ငန်းပါတဲ့ နေရာတိုင်း ကျွန်တော့်ကို ခေါ်သုံးလာကြတယ်။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို မြင့်မြတ်တဲ့စိတ်ထားပြီး တစ်နေ့မှာ ဘက်စုံကျွမ်းကျင်တဲ့ ကန်ထရိုက်လုပ်ငန်းကို ဦးဆောင်နိုင်သူတစ်ဦးဖြစ်ရမယ်လို့ ခံယူချက်ထားပြီး ပန်းရန်လုပ်ငန်းကို ဆက်လုပ်နေမယ်အန်တီ”

သူ၏စကားသံများက ယနေ့လက်လုပ်လက်စားလူငယ်များတွင် ရှိသင့်သည့်စိတ်ထားကို မီးမောင်းထိုးပြနေသည့် အလား ထင်မြင်မိတော့သည်။




# စိမ့်စမ်းမြေသို့ အပန်းဖြေခရီးသွားကြသူများ

**ကမ္ဘာတွင် မြို့ကြီးများ အလွန်များလာ၏။ မြို့ကြီးများ၌နေကြသူများသည် အလွန်မြင့်သည့်တိုက်များ၌ နေကြရလေရာ အားလပ်ရက်များတွင် တောတောင်ရေမြေသဘာဝအလှများရှိရာသို့ အပန်းဖြေခရီးသွားလေ့ရှိကြ၏။**

မြို့ကြီးများ၏အနီးပတ်ဝန်းကျင်၌လည်းသစ်ပင်များသစ်တောများမှာ အလွန်ရှားပါးလာ၏။ အမြော်အမြင်ရှိသော မြို့ပြအုပ်ချုပ်ရေးအာဏာပိုင်များသည် ယခုအခါတွင် မြို့ကြီးမြို့ငယ်များအတွင်းရှိ သစ်ပင်များ၊ ပန်းခြံများကို ပြုပြင်မွမ်းမံလာကြခြင်း၊ မြို့ပြင်များရှိ သဘာဝမြေများ၊ စိမ့်စမ်းနေရာများ၊ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို တတ်နိုင်သမျှ သဘာဝအတိုင်းရှိစေရန် ကြိုးပမ်းလာနေကြ၏။

စင်ကာပူနိုင်ငံ၏အနောက်မြောက်စွန်းရှိ ကရန်ဂျီစိမ့်စမ်းမြေသည် ၅၆ ဒသမ ၈ ဟက်တာကျယ်ဝန်းပြီး၊ ၎င်းဒေသကို မြို့ပြဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့နှင့် စင်ကာပူနိုင်ငံ သဘာဝရေမြေထိန်းသိမ်းရေးအဖွဲ့တို့က ပူးပေါင်းပြီး စင်ကာပူနိုင်ငံသားများနှင့် ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေနေရာအဖြစ်သို့ရောက်အောင် အချိန်ယူ၍ ပြုပြင်မွမ်းမံထိန်းသိမ်းမှု ပြုလုပ်လာခဲ့ရာ ယခု ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ၌ လူအများ တရားဝင်လာရောက်ခွင့်ပြုလိုက်ပြီဖြစ်၏။

သက်ဆိုင်ရာတာဝန်ရှိသူတို့၏ အပြောအရ အဆိုပါကရန်ဂျီစိမ့်စမ်းမြေဒေသ၌ သဘာဝသစ်ပင်ချုံပင်များ၊ ရွှံ့နွံစိမ့်စမ်းမြေများရှိနေသည့်အတွက် လိပ်ပြာမျိုးစုံ ၅၄ မျိုး၊ ပုစဉ်းအမျိုးမျိုး ၃၃ မျိုး၊ ငှက်မျိုးစုံ ၁၇၀ ကျော်တို့ ကျက်စားရာနေရာဖြစ်လာပြီဟု သိရ၏။ ငှက်များတွင် အလွန်ရှားပါးသော ဗွတ်ကလုံငှက်နှင့် ပိန်ညင်းငှက်တို့လည်း ပါဝင်၏။

အဆိုပါစိမ့်စမ်းမြေသို့လာကြသူများသည် နေရာအနှံ့သွားခွင့်မရှိဘဲ သတ်မှတ်နေရာများတွင်သာ သွားလာနိုင်ပြီး၊ ၎င်းဒေသတစ်ခုလုံးကို အပေါ်စီးမှကြည့်လိုပါက ၁၀ မီတာမြင့်သော သစ်သားမျှော်စင်ပေါ်မှတစ်ဆင့် ကြည့်ရှု၍ရသည်။

ဘောလုံးကွင်း ၆၀ ကွင်းစာခန့် ကျယ်ဝန်းသည့် အဆိုပါကရန်ဂျီစိမ့်စိမ်းမြေဒေသသည် စင်ကာပူ၏အကြီးဆုံးသော ရေချိုစိမ့်စမ်းမြေနေရာဖြစ်၏။

သဘာဝတောရိုင်းတိရစ္ဆာန်များ သဘာဝအလျောက် နေထိုင်သွားလာရန်နေရာများသည် ကျဉ်းမြောင်းလာနေရာ စင်ကာပူအစိုးရသည် တစ်နေ့တခြားရှားပါးလာနေသော သဘာဝသားရိုင်းတိရစ္ဆာန်များအတွက် ရည်စူးပြီး၊ အဆိုပါ ကရန်ဂျီစိမ့်စမ်းမြေဒေသကို အချိန်ယူ၍ ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ခြင်းဖြစ်၏။

**(စထရိတ်တိုင်းမ်စ် ၂.၂.၂၀၁၆)**



# စက်ရုပ်ဖြင့် စိုက်ပျိုးရေးလုပ်သွားမည့် ကမ္ဘာ့ပထမဆုံးနိုင်ငံ

**လူဦးရေအတိုးနှုန်းကလည်း အလွန်နည်း၊ လုပ်သားဦးရေကလည်း ရှားပါးလာသော ဂျပန်နိုင်ငံသည် လူအစား စက်ရုပ်များကို တီထွင်၍ အလုပ်များကို ခိုင်းစေရာ၌ ရှေ့ဆုံးသို့ရောက်နေသောနိုင်ငံဖြစ်၏။**

ယခုအခါ ဂျပန်သိပ္ပံပညာရှင်တို့သည် စက်ရုပ်ဖြင့် စိုက်ပျိုးခင်းများ၌ အလုပ်လုပ်ရန် တီထွင်စမ်းသပ်လျက်ရှိရာ လာမည့် ၂၀၁၇ ခုနှစ်တွင် အောင်မြင်မှုရရှိမည်ဟု တိုကျို မြို့ အေအက်ဖ်ပီသတင်းဌာနမှ သတင်း ဖော်ပြလိုက်၏။

ဂျပန်လယ်ယာစိုက်ပျိုးရေးကုမ္ပဏီတစ်ခုက ၎င်းတို့နိုင်ငံသည် ကမ္ဘာတွင် စက်ရုပ်ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ပြုလုပ်သွားမည့် ကမ္ဘာ့ပထမဦးဆုံးနိုင်ငံဖြစ်လာမည်ဟု ကြိုတင်ပြောဆိုလိုက်သည်။ စက်ရုပ်များသည် အပင်များကို ရေပေးခြင်းမှသည် သီးနှံများကို ရိတ်သိမ်းသည်အထိ ဆောင်ရွက်သွားမည်ဖြစ်၏။

တိုကျိုမြို့အခြေစိုက် "စပရက်" ကုမ္ပဏီမှ တာဝန်ရှိသူ၏အဆိုအရ လာမည့် ၂၀၁၇ ခုနှစ်လည်ခန့်လောက်မှစ၍ အိမ်တွင်းစိုက်ခင်းတွင် စက်ရုပ်လုပ်သားဖြင့် ဆလတ်ရွက်အပင်များကို စိုက်ပျိုးသွားမည်။ ဆလတ်ပင်ပေါင်း ၃၀၀၀၀ အထိ စိုက်ပျိုးသွားမည်ဖြစ်ပြီး၊ ငါးနှစ်အတွင်း ဆလတ်ပင်ပေါင်း ၅၀၀၀၀၀ အထိ တိုးချဲ့စိုက်ပျိုးသွားရန် ရည်ရွယ်ထားသည်ဟု သိရ၏။

ကာမိအိုကာမြို့ရှိ အိမ်တွင်းစိုက်ခင်းတစ်ခင်းတွင်၊ စတင်အကောင်အထည်ဖော်မည်ဖြစ်ရာ အစပထမတွင် အပင်ကို မျိုးစေ့ချရာ၌ လူကသာပြုလုပ်သွားဦးမည်ဖြစ်ပြီး၊ ကျန်လုပ်ငန်းများဖြစ်သော ရေမှန်မှန်လောင်းခြင်း၊ ဆေးဖျန်းခြင်း၊ ဆွတ်ခူးခြင်းစသောအလုပ်များကို စက်ရုပ်များကသာ ပြုလုပ်သွားမည်ဖြစ်၏။



စက်ရုပ်များကို ထိုသို့အသုံးပြုခြင်းဖြင့် လူတို့လုပ်ရသည့်အတွက် ကုန်ကျစရိတ်များထက် အနည်းဆုံးသုံးပုံတစ်ပုံ ကျော်ကျော်သက်သာမည်ဟုလည်း သိရ၏။

ဂျပန်တိုရှီဘာကုမ္ပဏီသည် လွန်ခဲ့သောနှစ်က "ချီဟီရာ"အမည်ရှိ အမျိုးသမီးစက်ရုပ်တစ်ရုပ်ကို တီထွင်ခဲ့ပြီး၊ ကမ္ဘာလှည့်ခရီးသည်များသိလိုသည့် အချက်များကို ဂျပန်စကား၊ အင်္ဂလိပ်စကား (သို့မဟုတ်) တရုတ်ဘာသာစကားဖြင့် အသိပေးလျက်ရှိ၏။

ဂျပန်စက်ရုပ်ပညာရှင်များက ဂျပန်ကုန်တိုက်ကြီးများတွင် လူကဲ့သို့ အလုပ်လုပ်ပေးနိုင်မည့်စက်ရုပ်များကို ဆက်လက်တီထွင်သွားမည်ဟုလည်း ထုတ်ဖော်ပြောဆိုထား၏။

လာမည့် ၁၀ နှစ်ကျော် ၂၀ နှစ်အတွင်း ဂျပန်၏လူလုပ်သားများ၏ လုပ်အားထက်ဝက်နီးပါးတွင် စက်ရုပ်များဖြင့် သန့်ရှင်းရေးအလုပ်များ၊ လူဝင် လူထွက်များကို စိစစ်ရေးအလုပ်များ စသည်တို့ကို လုပ်ကိုင်သွားအောင် ကြိုးစားနေသည်ဟုလည်း သိရ၏။

ဂျပန်နိုင်ငံတွင် လူကဲ့သို့ အလုပ်လုပ်နိုင်သော စက်ရုပ်အတွက် ငွေအရင်းအနှီး စိုက်ထုတ်နေမှုသည် တိုးပွားလျက်ရှိပြီး ၂၀၁၄ ခုနှစ်တွင် ဂျပန်ယန်း ၁ ဒသမ ၇ ဘီလီယံကို ရင်းနှီးခဲ့ရာ ၂၀၂၀ ပြည့်နှစ်ရောက်လျှင် ယန်း ၂၄ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံသွားမည်ဟု သိရ၏။

**(စထရိတ်တိုင်းမ်စ် ၂.၂.၂၀၁၆)**

# ရာသီဥတုပြောင်းလဲလာမှု စားနပ်ရိက္ခာအထွက်နှုန်း ထိခိုက်

**ပြင်သစ်နိုင်ငံ ပါရီမြို့ အေအက်ဖ်ပီသတင်းတစ်ပုဒ်တွင် မျက်မှောက်ကာလ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်နေခြင်းကြောင့် ရာသီဥတုပြောင်းလဲခြင်းဖြစ်နေရာ ရာသီဥတုကို အမှီပြု၍ စိုက်ပျိုးထားရသောစားနပ်ရိက္ခာစာရင်းဝင် ကောက်ပဲသီးနှံများ၏အထွက်နှုန်းသည် လျော့ကျလာခြင်း၊ ပြည့်ပြည့်ဝဝမထွက်နိုင်ခြင်း အဖြစ်မျိုးနှင့် ကြုံတွေ့နေရတော့မည်ဟု ဖော်ပြထား၏။ အေအက်ဖ်ပီသည် "လင်းဆက်"ဆေးပညာဂျာနယ်တွင် ပါရှိသည့် ဆောင်းပါးတစ်ပုဒ်ကို ကိုးကားပြီး သတင်းရေးသားလိုက်ခြင်းဖြစ်၏။**

ကမ္ဘာ့ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အဆိုအရ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၈၀၀၀ ခန့်သည် အစာအာဟာရကို နေ့စဉ်လောက်လောက်ငငမမှီဝဲရသောကြောင့် အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရသည်ဟု သိရ၏။ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်ရောက်လျှင် စုစုပေါင်း သန်း ၇၀၀၀ မှ သန်း ၉၀၀၀ သို့ ရောက်ရှိသွားမည်ဖြစ်ရာ ကမ္ဘာတွင် စားနပ်ရိက္ခာသည် ယခုထက်အဆများစွာ ပိုလိုလာမည်ဖြစ်ပြီး၊ တိုးလာသောလူဦးရေအတွက် စားနပ်ရိက္ခာများကို တိုးမထုတ်နိုင်ပါက လူဦးရေငါးသိန်းသည် အငတ်ဘေးကြောင့် သေဆုံးနေမည်ဟု သတင်းရေးသားထား၏။

ကမ္ဘာကြီးပူနွေးလာမှုကို လျော့သွားအောင် မလုပ်နိုင်ပါက ၂၁၀၀ ပြည့်နှစ်ရောက်လျှင် ကမ္ဘာ့အပူချိန်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ ကထက် ၃ ဒီဂရီစင်တီဂရိတ်ပိုတိုးလာမည်ဟု ခန့်မှန်းထားကြ၏။ ကမ္ဘာကြီးပူနွေးမှုကြောင့် စားနပ်ရိက္ခာများအထွက်နှုန်းကို ထိခိုက်လာသောအခါ လူဦးရေများသောနိုင်ငံများမှ ဆင်းရဲသားများသည် အထိနာမှုပိုများမည်ဟုလည်း ခန့်မှန်းလိုက်ကြ၏။

အဆိုပါဆောင်းပါးကို ရေးသားသူသည် ယနေ့ကမ္ဘာ့အပူချိန်အခြေအနေ၊ ယနေ့ထွက်ရှိနေသော ကောက်ပဲသီးနှံနှုန်းထားများ၊ ကမ္ဘာ့လူတို့စားသုံးနေမှုအခြေအနေစသည်တို့ကို အသေးစိတ်သုတေသနလုပ်ပြီး ရေးသားလိုက်ခြင်းဖြစ်၏။

**(စထရိတ်တိုင်းမ်စ် ၄.၃.၂၀၁၆)**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိမ်းသိမ်းရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ကျောင်းသူဆောင် အကြီးစား မွမ်းမံပြင်ဆင်ခြင်း (၁၇၄' × ၃၈' × ၁၈')
(ခ ) ကျောင်းသားဆောင် အကြီးစား မွမ်းမံပြင်ဆင်ခြင်း (၁၇၄' × ၃၈' × ၁၈')
(ဂ ) ဝန်ထမ်းအိမ်ယာများ အကြီးစား မွမ်းမံပြင်ဆင်ခြင်း - ( ၆ ) လုံး
(ဃ) (၈)ခန်းတွဲ ဝန်ထမ်းအိမ်ယာ (၂)ထပ် ဆောက်လုပ်ခြင်း(၂၂၄'×၃၂'×၂၄') - (၁)လုံး (ရေ၊ မီး အပါအဝင်)

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၃ .၅. ၂၀၁၆ (တနင်္လာနေ့) ၁၆:၀၀ နာရီ ဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာန၊ ဖုန်းနံပါတ် - ၀၆၇ - ၄၁၆၆၈၆ သို့ ကြော်ငြာပါသည့် ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ နယ်မြေအင်ဂျင်နီယာဌာန၊ ဖုန်းနံပါတ် - ၀၉ - ၄၉၂၀၁၀၅၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

---

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ စက်နှင့်စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | |
|---|---|
| (က) Air Conditioner (2.0 HP) | - 10 Nos |
| (ခ ) Air Conditioner (1 HP) | - 5 Nos |
| (ဂ ) Grass Cutter | - 10 Nos |
| (ဃ) Grass Cutter (ချိုင်းလွယ်) | - 25 Nos |
| (င ) Stand Fan | - 15 Nos |
| (စ ) Celling Fan | - 60 Nos |
| (ဆ) Hot water bath With Air Compressor | - 12 Nos |
| (ဇ ) Centrifugal Pump with Motor Complete Set | - 4 Sets |

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၃ .၅. ၂၀၁၆ (တနင်္လာနေ့) ၁၆:၀၀ နာရီ ဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာန၊ ဖုန်းနံပါတ် - ၀၆၇ - ၄၁၆၆၈၆ တွင် ကြော်ငြာပါသည့် ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်းနံပါတ် - ၀၆၇ - ၄၁၆၆၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

---

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | |
|---|---|
| (က) Desktop Computer | - 10 Nos |
| (ခ ) Copy Printer Duplo: DP-A 120 | - 1 No |
| (ဂ ) Scanner (A4/Legal size) | - 5 Nos |
| (ဃ) Printer ( Cannon LBP 2900 ) | - 15 Sets |
| (င ) LCD Projector & Screen | - 10 Nos |
| (စ ) Student Management Database System | - 1 Lot |
| (ဆ) Fax Machine ( Panasonic ) | - 5 Sets |
| (ဇ ) Motorized Screen with accessories | - 1 No |
| (ဈ) Conference System | - 1 Set |

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၃ .၅. ၂၀၁၆ (တနင်္လာနေ့) ၁၆:၀၀ နာရီ ဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာန၊ ဖုန်းနံပါတ် - ၀၆၇ - ၄၁၆၆၈၆ တွင် ကြော်ငြာပါသည့် ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကျောင်းသားရေးရာဌာန၊၀၆၇-၄၁၆၅၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

---

## REQUEST FOR EXPRESSIONS OF INTEREST
## (CONSULTING SERVICES-Individual Consultants)

**The Republic of the Union of Myanmar**
**Agricultural Development Support Project (ADSP)**
**Credit No. : 5624 MM**

The Republic of the Union of Myanmar is in the process of receiving funds from the World Bank toward the cost of the ADSP Project and intends to apply part of the proceeds for consulting services.

The Project Management Unit now invites expressions of interest from qualified candidates for the below positions. Interested consultants must provide their updated curriculum vitae, indicating personal and technical skills, qualifications and experience in similar assignments. In submitting their expressions of interest, consultants are kindly requested to indicate the positions they apply and the reference numbers stated below.

1. National Finance Officer (Ref # SC-23)
2. National Procurement Officer (Ref # SC-25)
3. National Monitoring and Evaluation Specialist (Ref # SC-21)
4. National Environmental Safeguards Specialist (Ref # SC-19)
5. National Social Safeguards Specialist (Ref # SC-20)

The Services are expected to be carried out over a period of 12 months with the possibility of extension depending on the performance, starting in May 2016. The location of work will be the Ministry of Agriculture, Livestock and Irrigation, in Nay Pyi Taw, Myanmar.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under International Bank for Reconstruction and Development (IBRD) Loans and International Development Association (IDA) Credits & Grants by World Bank Borrowers dated July 2014 ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest. A Consultant will be selected in accordance with procedures set out in the Consultant Guidelines.

Further information and a copy of the detailed Terms of Reference (TORs) can be obtained at the address below during working days from 10:00 to 15:00 hours.

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by e-mail, or by Fax) not later than May 16, 2016.

Attn: U Tint Lwin, Director of Procurement
Department: Department of Irrigation and Management of Water Utilization,
Ministry of Agriculture, Livestock and Irrigation
Address: Building No. 15, MOALI, Nay Pyi Taw, Myanmar.
Phone: +95-67-410019, Fax: +95-67-410102
Email: tlwin4.irr@gmail.com; hatint2009@gmail.com

---

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | |
|---|---|
| (က) Table Tennis Table | - 2 Nos |
| (ခ ) Reading Table ( 90x 60 x75) cm | - 100 Nos |
| (ဂ ) Reading Fixed Steel Armed Chair | - 100 Nos |
| (ဃ) One Armed Chair | - 100 Nos |
| (င ) Book Shelf ( 9'x7'x1.5') | - 15 Nos |
| (စ ) FS 410 ( 3' x 6' x 1.5' ) File Rack | - 20 Nos |
| (ဆ) Steel Single Bedstead | - 150 Nos |
| (ဇ ) Aluminum Cabinet ( 6' x 3' ) | - 10 Nos |
| (ဈ) Officer Table ( 5' x 3.5' x 2.5' ) | - 20 Nos |
| (ည) Partition Table | - 2 Sets |
| (ဋ ) GE. 120 Meeting Table (Vietnam) | - 1 Lot |
| (ဌ ) ကုတင် | - 60 Nos |
| (ဍ ) စာရေးစားပွဲ | - 50 Nos |
| (ဎ ) သစ်သား ကုလားထိုင် ( လက်တင်ပါ) | - 25 Nos |
| (ဏ) သစ်သားကုလားထိုင် | - 50 Nos |

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၃ .၅. ၂၀၁၆ (တနင်္လာနေ့) ၁၆:၀၀ နာရီ ဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာန၊ ဖုန်းနံပါတ် - ၀၆၇ - ၄၁၆၆၈၆ တွင် ကြော်ငြာပါသည့် ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန၊ ဖုန်းနံပါတ် ၀၆၇ - ၄၁၆၆၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုလယ်ယာဦးစီးဌာန

## ( အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း )

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊စက်မှုလယ်ယာဦးစီးဌာနမှအောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | လက်တွန်းထွန်စက်နှင့်တွဲဖက်သုံးကိရိယာများ | 4 Lot |
| (ခ) | ထွန်စက်ကြီးများ | 3 Lot |
| (ဂ) | ထွန်ယက်ကိရိယာများ | 4 Lot |
| (ဃ) | ကောက်စိုက်စက် | 1 Lot |
| (င) | စပါးရိတ်သိမ်းခြွေလှေ့စက် | 1 Lot |
| (စ) | မြေတူးစက် | 1Lot |
| (ဆ) | မြေသယ်ယာဉ် | 1Lot |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ( ၂၈ - ၄ -၂၀၁၆ ) ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၆ ခုနှစ်၊မေလ( ၂၇ ) ရက် ( ၁၅ : ၀၀) နာရီ ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ် ( ၅၀ ) နေပြည်တော်၊
ဖုန်း ၀၆၇-၄၁၃၂၄၂၊ ၀၆၇-၄၁၃၂၄၃





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မန္တလေးတိုင်းဒေသကြီးအတွင်း သုတေသနလုပ်ငန်းများ၊ ဥယျာဉ်ခြံလုပ်ငန်းများ ကွင်းဆင်း စစ်ဆေး အားပေး

နေပြည်တော် ဧပြီ ၂၀

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၈ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အပူပိုင်းဒေသသီးနှံ ဗဟိုသုတေသနခြံသို့ရောက်ရှိကြရာ ခြံတာဝန်ခံ ဒေါ်မာမာချိုက သုတေသန လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သုတေသနလက်ထောက်-၂ ဦးဝင်းစိုးက ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဒေသအလိုက် သုတေသနလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ မတူညီသော ရေမြေရာသီဥတု အခြေအနေပေါ်မူတည်၍ ဒေသနှင့်လိုက်လျော ညီထွေမည့် သုတေသနလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေးနှင့် ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် သုတေသနလုပ်ငန်းကို ပေါင်းစပ်ဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ဆည်ပေါက်ဥယျာဉ်ခြံသို့ရောက်ရှိကြရာ ခြံတာဝန်ခံ ဦးအောင်မိုးက ခြံ၏နောက်ခံသမိုင်းကြောင်းနှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုတို့က အသေးစိတ်ဖြည့်စွက် ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားပြီး ဥယျာဉ်ခြံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

၎င်းမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုပ္ပားဥယျာဉ်ခြံသို့ ရောက်ရှိကြပြီး ခြံအတွင်း စိုက်ပျိုးထားရှိသော ရှားပါးတိုင်းရင်းဆေးဝါးပင်များ၊ နဂါးမောက်သီးနှံပင်များနှင့် ဥယျာဉ်ခြံသီးနှံပင်များကို လှည့်လည်ကြည့်ရှုအားပေးရာ ခြံတာဝန်ခံ ဒေါ်စိုးစိုးအောင်က ရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (အပေါ်ပုံ)

MOALI

ပြန်ကြားရေး





ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပုပ္ပားဥယျာဉ်ခြံအတွင်း စိုက်ပျိုးထားသော ရှားပါးတိုင်းရင်းဆေးဝါးပင်များ၊ နဂါးမောက်သီးနှံပင်များနှင့် ဥယျာဉ်ခြံသီးနှံပင်များကို ကြည့်ရှုအားပေးစဉ်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ဆည်ပေါက်ဥယျာဉ်ခြံသို့ ရောက်ရှိစစ်ဆေးစဉ်။





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

နေပြည်တော် မေ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် အတွင်းဝန်များဖြစ်ကြသော ဒေါက်တာ တင်ထွဋ်နှင့် ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Tateshi HIGUCHI နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ခွာနာလျှာနာတိုက်ဖျက်ရေး၊ လယ်သမားများအတွက် အတိုးနှုန်းသက်သာသည့် စိုက်ပျိုးစရိတ်ချေးငွေများ ပံ့ပိုးကူညီပေးမည့်အစီအစဉ်များ၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ သုံးစွဲစိုက်ပျိုးနိုင်ရေးနှင့် နည်းပညာများပံ့ပိုးရေးအပါအဝင် လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။



# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် မေ ၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဌာနတစ်ခုချင်းအလိုက် သီးခြားစီတွေ့ဆုံပြီး ဆွေးနွေးအမှာစကားပြောကြားသည်။ (ပုံ)**

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲဆည်မြောင်းတာတမံများနှင့် စိုက်ပျိုးရေး၊ သောက်သုံးရေ ရရှိရေး လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက အသေးစားနှင့် အလတ်စားသမဝါယမချေးငွေဆိုင်ရာများနှင့် သမဝါယမလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က နိုင်ငံတစ်ဝန်း ရေမြေအခြေအနေပေးသည့် ဒေသများတွင် အဆင့်မြင့် စက်မှုလယ်ယာမြေများဖော်ထုတ်ဆောင်ရွက်ပေးနေမှုများနှင့် တောင်သူလယ်သမားများ ကိုယ်ပိုင်လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူသုံးစွဲနိုင်ရေး အပါအဝင် လယ်ယာသုံးစက်ကိရိယာများပြုပြင်ထိန်းသိမ်းမောင်းနှင်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချသင်ကြားပေးနေမှုများကိုလည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားရာတွင်-

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်အပြည့်အဝ အောင်မြင်ရေးအတွက် မိမိတို့တာဝန်ယူထားကြသည့် လုပ်ငန်းကဏ္ဍအသီးသီးမှ ရိုးသားတက်ကြွစွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရေးနှင့် ထူးခြားပြောင်းလဲလာသော ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များကို အောင်မြင်စွာ ကျော်လွှားနိုင်ရေးတို့အတွက် အထူးအစီအမံများ ရေးဆွဲတင်ပြကြရေး။

အတွေ့အကြုံပြည့်ဝသော ပညာရှင်များပီပီ နည်းကောင်းလမ်းမှန်များ (knows the way) ကို သိရှိထားကြပြီးဖြစ်ကြောင်း၊ သိရှိထားသော နည်းမှန်လမ်းမှန်များအတိုင်း (goes the way) ကိုယ်တိုင်လျှောက်လှမ်းကြရမည် ဖြစ်ပါကြောင်း၊ ထိုနည်းမှန်လမ်းမှန်များအတိုင်း မိမိတို့၏ဝန်ထမ်းများကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် နည်းပေးလမ်းပြ (shows the way) ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း တိတိကျကျလိုက်နာစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ပညာပေးပြုပြင်ပေးခြင်းကို စေတနာ မေတ္တာအပြည့်အဝထားဆောင်ရွက်ပေးကြရန် အသေးစိတ် ဆွေးနွေးမှာကြားသည်။

**MOALI ပြန်ကြားရေး**



ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင် ရှင်းလင်း တင်ပြစဉ်။



သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ ရှင်းလင်းတင်ပြစဉ်။

# သနပ္ပင်တွင် နှမ်းစပါး ပုလဲသွယ် စံကွက်ရိတ်သိမ်း

အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ် ဈေးပိုင်းအုပ်စု တောင်သူ ဦးမင်းနောင်၏နှမ်းစပါးစိုက်ခင်းတွင် မေ ၅ ရက်နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလေးမြင့်နှင့်ခရိုင်မျိုးစေ့တာဝန်ခံ၊ မြေအသုံးချရေးတာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ကြူကြူမြင့်နှင့်ဝန်ထမ်းများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး တစ်ဧကလျှင် ၁၈၀ တင်း ထွက်ရှိခဲ့ပြီး၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက ဇရိယာတိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် (GAP) စနစ် လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားပြီး၊ မြို့နယ်ဦးစီးမှူးက တိုးတက်လာသော လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံစေရန် ယခုကဲ့သို့ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန်လိုကြောင်းနှင့် သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးသည်။

**သိန်းဖေ**

# ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ဖက်စပ်စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပြောကြားသည့် အဖွင့်အမှာစကား



သင်္ဂဟဟိုတယ် နေပြည်တော် မေ ၇

ယနေ့ကျင်းပသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဂျပန်နိုင်ငံ မစ်ဆုအီကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ၊ Behn Meyar ကုမ္ပဏီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ လယ်ယာကဏ္ဍတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအဖြစ် ခေတ်မီဓာတ်မြေဩဇာစက်ရုံတည်ထောင်နိုင်ရေး စာချုပ်ချုပ်ဆိုသည့်အခမ်းအနားဖြစ်သည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူထားရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဤအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခွင့် ရရှိသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း။

ယနေ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လယ်ယာသုံးသွင်းအားစုများ ထိထိရောက်ရောက် အချိုးကျသုံးစွဲနိုင်ရေးသည် မိမိတို့ အဓိကရင်ဆိုင်ကြုံတွေ့နေကြရသည့် စိန်ခေါ်မှုတစ်ခုပဲဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဓာတ်မြေဩဇာဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း တောင်သူလယ်သမားများအနေဖြင့် အရည်အသွေးမပြည့်မီသော၊ တရားဝင်မှတ်ပုံတင်မထားသော ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများကိုသုံးစွဲနေကြပြီး ဈေးနှုန်းအားဖြင့်လည်း ကြီးမြင့်နေဆဲ ဖြစ်ပါကြောင်း။ ယင်းနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ အရည်အသွေးပြည့်မီပြီး စံချိန်စံညွှန်းကိုက်ညီသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများထုတ်လုပ်/တင်သွင်းဖြန့်ဖြူးရောင်းချရေးကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ပြည်တွင်းဓာတ်မြေဩဇာသုံးစွဲနိုင်မှု အခြေအနေကိုကြည့်ရင်လည်း အိမ်နီးချင်းနိုင်ငံတွေထက် နည်းနေသလို တစ်ဧကအတွက်သုံးနိုင်သည့် ပမာဏကလည်း နည်းပါးနေသေးသည်ကို တွေ့ရပါကြောင်း။ အရင်းအနှီးလိုအပ်မှုနှင့်ဈေးနှုန်းကြီးမြင့်နေသေးမှုကြောင့် သုံးစွဲနိုင်မှုအားနည်းနေခြင်းလည်း ဖြစ်ပါကြောင်း။ ဒီအကျိုးဆက်အဖြစ် သီးနှံအထွက်နှုန်းကို လျော့နည်းစေခြင်းဖြစ်ပါကြောင်း။ ထို့ကြောင့် လယ်ယာကဏ္ဍသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရန် ဓာတ်မြေဩဇာကို ထိရောက်လုံလောက်စွာ သုံးစွဲလာနိုင်အောင် လည်း ကြိုးစားကြရမှာဖြစ်ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက်တို့၏ ကြိုးစားအားထုတ်မှုဖြင့် ပြည်တွင်းတွင် မြန်မာတောင်သူလယ်သမားများအတွက် ကွဲပြားခြားနားသော မြေအမျိုးအစားအလိုက်၊ သီးနှံအမျိုးအစားအလိုက် လိုအပ်သည့် NPK အချိုးအစား ပါဝင်သည့် ခေတ်မီဓာတ်မြေဩဇာစက်ရုံ တည်ထောင်နိုင်တော့မည်ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာ ကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍကို အဓိကစီးပွားရေးကဏ္ဍအဖြစ် အားထားနေရဆဲဖြစ်သည့်အတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလျက်ရှိသည့် တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးအရင်းအနှီးပြည့်စုံရေး၊ လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာသုံးသွင်းအားစုများ တိုးတက်သုံးစွဲနိုင်ရေးသည် မဖြစ်မနေ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အပါအဝင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံစက်မှုလက်မှုနှင့်ကုန်သည်ကြီးများ အသင်းချုပ်၏ ဦးဆောင်မှုအောက်ရှိ ညီနောင်အသင်းများအနေဖြင့် ယခုလို လယ်ယာကဏ္ဍတိုးတက် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်တပ်တအား ပူးပေါင်း ပါဝင်မှုအပေါ် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသိအမှတ် ပြုပါကြောင်းနှင့် လိုအပ်သည်များကို ပူးပေါင်းကူညီရန် အသင့်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ ကျင်းပသော မြန်မာ၊ ဂျပန်၊ ဂျာမနီ သုံးနိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်း အထိမ်းအမှတ်လက်မှတ် ရေးထိုးပွဲကြီးကို ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် မိမိတို့နိုင်ငံပိုင်ကဏ္ဍ၊ လုပ်ငန်းရှင်များ ပါဝင်သည့်ပုဂ္ဂလိကကဏ္ဍ(Public-Private-Partnership) အပါအဝင် Stakeholder အားလုံး၏ စည်းစည်းရုံးရုံး ညီညီညွတ်ညွတ် တက်ကြွစွာ ပူးပေါင်းပါဝင်မှုဖြင့် တောင်သူလယ်သမားများ၏ အကျိုး၊ နိုင်ငံတော်၏ အကျိုးအပါအဝင် လယ်ယာကဏ္ဍကြီး တိုးတက်ဖွံ့ဖြိုးရေးကို ဆက်လက်ဝိုင်းဝန်း ရိုင်းပင်းကူညီ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ကြောင်းဖြင့် ပြောကြားသည်။

**MOALI ပြန်ကြားရေး**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နိုင်ငံတော် ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မိုးညိုမြို့နယ်တွင် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်(မိုးကြိုး) ကွင်းသရုပ်ပြပွဲ ကျင်းပ

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ဦးစီး၍ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ် ပတ္တော်ကျေးရွာ၌ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်(မိုးကြိုး)စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ၇.၄.၂၀၁၆ ရက်က ကျင်းပရာ အဆိုပါကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လျှော်စိုက်တောင်သူများ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)တာဝန်ရှိသူများက မိုးညိုမြို့နယ်တွင် လျှော်ပိသာချိန် သုံးသိန်းရရှိရန်နှင့် လျှော်သီးနှံစိုက်ဧက ပြန်လည်တိုးတက်စေရေးအတွက် ရည်ရွယ်၍ တောင်သူများအား လျှော်ခွာစက်၊ လျှော်ဖြတ်စက်များ အသုံးပြုပြီး လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ရန်နှင့် လျှော်အတန်းအစား ကောင်းမွန်ပြီး ရေရှားပါးမှုဖြေရှင်းပေးနိုင်ရန် တန်ဖိုးနည်းရေစိမ်ကန်ပြုလုပ်၍ လျှော်စိမ်သည့်စနစ်ကို ပြသသည်။



အဆိုပါကွင်းသရုပ်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)၏ ဒုတိယတိုင်းဦးစီးမှူး ဦးနိုင်ဦးက **“ ခုတ်၊ စိမ်၊ ခွာ ”** စနစ်မှ **“ ခုတ်၊ ခွာ၊ စိမ် ”** စနစ်သို့ ပြောင်းလဲခြင်းဖြင့် တောင်သူများ လုပ်သားရှားပါးမှုနှင့် ရေစိမ်မှုအခက်အခဲများ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်သက်သာပြီး အတန်းအစားကောင်း လျှော်များရရှိရေးအတွက် အထောက်အကူပြုကြောင်း ရှင်းလင်းပြောကြားသည်။

လျှော်သီးနှံစိုက်ဧကများ ပြန်လည် တိုးတက်ပြီး လျှော်ပိသာချိန်(တစ်နိုင်ငံလုံး)၌ ငါးသိန်းမှ ခြောက်သိန်းအထိ ဝယ်ယူရန် သဇင်ဦးကုမ္ပဏီမှ ကမ်းလှမ်းထားရာ ကုမ္ပဏီတာဝန်ခံ ဦးမောင်မောင်က လျှော်ခုတ်သိမ်းစရိတ်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့်ထွက်သမျှ လျှော်များအား ဝယ်ယူမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။ ထို့နောက် တောင်သူများနှင့် သဇင်ဦးကုမ္ပဏီတို့ စာချုပ်ချုပ်ဆို၍ မျိုးစေ့များကို ဖြန့်ဝေပေးပြီး ကွင်းသရုပ်ပြပွဲကို လက်တွေ့ ပြသသည်။

**စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)၊**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား မြန်မာနိုင်ငံ စိုက်ပျိုးရေးအများပိုင်ကော်ပိုရေးရှင်း လုပ်ငန်းစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနား တက်ရောက် အားပေး

နေပြည်တော် မေ ၇

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Hong Liang နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌တွေ့ဆုံ၍ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာသုံးစွဲနိုင်ရေးအပါအဝင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။**

ငင်းနောက် နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ စုံညီစွာတက်ရောက်ကြပြီး နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် အစီအမံများကို ဦးစီးဌာနလုပ်ငန်းကဏ္ဍများအလိုက် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများက အသီးသီး ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားရာ၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင် ဌာနအသီးသီးတွင် တာဝန်ယူထားကြသော ပညာရှင်များအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ ရိုးသားတက်ကြွစွာ ဦးဆောင်ပါဝင်ဆောင်ရွက်ကြရေး၊ မိမိတို့၏ ဝန်ထမ်းများကိုလည်း ရိုးသားဖြောင့်မတ်စွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များတွင် စိတ်တူ ကိုယ်တူ ပူးပေါင်းပါဝင်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အမှန်တကယ် ထိရောက်အကျိုးရှိစေမည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးကြပါရန် ဆွေးနွေးမှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မေ ၇ ရက် နံနက် ၉ နာရီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Hong Liang နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံစဉ်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် နေပြည်တော် သင်္ဂဟဟိုတယ်တွင် ကျင်းပသည့် မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင် ကော်ပိုရေးရှင်း MAPCO၊ ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ Behn Meyar ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီဓာတ်မြေဩဇာ သွင်းအားစုထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားသည်။

**(အဖွင့်အမှာစကားကို စာ–၁၉ တွင် ဖော်ပြထားပါသည်။)**

အခမ်းအနားတွင် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း MAPCO၊ ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီတို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့တက်ရောက် အားပေးကြသည်။ **MOALI ပြန်ကြားရေး**




မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်း MAPCO၊ ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီတို့၏ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့်သဘောတူစာချုပ်လက်မှတ်ရေးထိုးစဉ်။